# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၄ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၁၀ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၄၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ်များ ဆက်ကပ်အပ်နှံခြင်း မင်္ဂလာအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။

နေပြည်တော်   ဇွန်  ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ်များ ဆက်ကပ်အပ်နှံခြင်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက်၍ အဆောင်အယောင်ယာဉ်များကို ဆက်ကပ်အပ်နှံသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ ဖတ်စရာ


မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (AML/CFT)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် FATF ကအသိအမှတ်ပြုပြီး နှစ်စဉ်စံနှုန်းသတ်မှတ်ချက်အဆင့်များ တိုးမြှင့်ပေးလျက်ရှိခြင်း

ပြည်တွင်းသတင်း | စာ ၆



ဒေသတွင်းဆီဖူလုံရေး အထောက်အကူပြု ဝင်ငွေရ ပန်းနှမ်းသီးနှံ

ဆောင်းပါး | စာ ၁၀

ဝါ တစ်ခေတ် ဆန်းသစ်စေခြင်းဖြင့် နိုင်ငံ့စီးပွား တိုးတက်စေမည်

ဆောင်းပါး | စာ ၁၇





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြစဉ်။

❖ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝိဇယမင်္ဂလာဓမ္မသဘင် အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

**သံပြိုင်ညီညာ ရွတ်ဆိုပူဇော်**

ထို့နောက်အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကိုနာယူကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက အရိယာသာဝတ္ထိဂါထာနှင့် မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာ ရွတ်ဆိုပူဇော်ကြသည်။

**အောင်မြင်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့**

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ်များ ဆက်ကပ်အပ်နှံခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လျှောက်ထားတင်ပြရာတွင် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးတို့အတွက် မြန်မာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ ခရစ်နှစ် ၁၉၈၀ ပြည့်နှစ်၊ မေလ ၂၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည့် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သံဃာ့ဂိုဏ်းကြီး ၉ ဂိုဏ်းဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို အောင်မြင်စွာဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် နိုင်ငံတော်၏အဆင့်မြင့်ဆုံးသော သံဃာ့အဖွဲ့အစည်းအဖြစ်ရပ်တည်လျက် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးတို့အတွက် အားသွန်ကြိုးပမ်း ဆောင်ရွက်တော်မူလျက်ရှိသည်ကို သိရှိကြည်ညိုဝမ်းမြောက်ရပါကြောင်း။

**အားပေးထောက်ပံ့ လှူဒါန်းလျက်ရှိ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းလင်းဝေစည်လျက်ရှိနေသည်မှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဦးဆောင်မှုနှင့်အတူ သာသနာ့ဝန်ထမ်းရှင်ရဟန်းများနှင့် သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများက မိမိတို့စွမ်းဆောင်နိုင်သည့် စွမ်းအားအလျောက် ခုရနှစ်ဖြာသာသနာကို ဆောင်ရွက်တော်မူလျက်ရှိကြပြီး နိုင်ငံတော်အစိုးရနှင့် စေတနာရှင်ပြည်သူများကလည်း ပစ္စည်းလေးပါးတို့ဖြင့် အားပေးထောက်ပံ့ လှူဒါန်းလျက်ရှိနေကြခြင်းမှာ ဆရာဒကာလက်တွဲညီစွာ အားကြိုးမာန်တက်ဆောင်ရွက်ခြင်း၏ ကောင်းကျိုးများဖြစ်ကြောင်းကို ဝမ်းမြောက်ဂုဏ်ယူစွာ လျှောက်ထားအပ်ပါကြောင်း။

❑ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ ဩဝါဒတော်များနှင့်အညီ ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းလင်းဝေစည်အောင် စဉ်ဆက်မပြတ် ထောက်ပံ့ပူဇော်နိုင်ရန် အားစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ထူးခြားမွန်မြတ်သော ဓမ္မပူဇာကုသိုလ်တော်အဖြစ် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံ ပါဠိတော် (မြန်မာ၊ ရိုမန်) အက္ခရာနှစ်မျိုးဖြင့် ပြုစုထားသော ကျမ်းစာအုပ်များကို ပြည်တွင်း/ပြည်ပရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းလျက်ရှိ**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ်များဆက်ကပ်အပ်နှံခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားတင်ပြစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်ကြီးတွင် ပလ္လင်တော်အမြင့် ၁၈ ပေ၊ ဉာဏ်တော် အမြင့် ၆၃ ပေ၊ စုစုပေါင်း ဉာဏ်တော် ၈၁ ပေ အမြင့်ဆောင်သည့်အတွက် ကမ္ဘာပေါ်ရှိ စကျင်ဗုဒ္ဓရုပ်ပွားတော်များအနက် ကမ္ဘာ့အကြီးဆုံး၊ ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် **ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်နှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်** ဟူသော ကောင်းကျိုးမြတ်နိုး ရည်သန်ဆန္ဒမှန်ဖြင့် စေတနာရှင်အများပြည်သူတို့ စုပေါင်းလှူဒါန်း၍ အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့ပါကြောင်း။

**ကျောက်စာတော် ၁၄၄၀ ချပ်**
**ထည့်သွင်း၍ ရေးထွင်းပူဇော်**

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ မြောက်ဘက်အရပ်မျက်နှာတွင် ကျောက်စာရုံစေတီတော် ၇၂၀ ဆူတို့ကိုပါ တည်ထားပူဇော်ထားရှိပြီး ကျောက်စာရုံစေတီတော်အသီးသီးတွင် ဗုဒ္ဓဟောဖော်ပိဋကတ်သုံးပုံ ပါဠိတော်တို့ကို မြန်မာဘာသာ၊ ရိုမန်ဘာသာတို့ဖြင့် ကျောက်စာတော် ၁၄၄၀ ချပ် ထည့်သွင်း၍ ရေးထွင်းပူဇော်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရသည် နှစ်စဉ် ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးနေ့ အခါသမယရောက်တိုင်း ဂန္ထဓုရ၊ ဝိပဿနာဓုရ ဟူသော ဓုရနှစ်ဖြာသာသနာကို တည်တံ့ပြန့်ပွားအောင်၊ ထွန်းလင်းဝေစည်အောင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယကဓမ္မသမိဒ္ဓိကျောင်း ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ကြိုးပမ်း ဆောင်ရွက်တော်မူလျက်ရှိကြသည့် ပြည်တွင်း/ပြည်ပမှ ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၊ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးအား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ အားပေးချီးမြှောက် ထောက်ပံ့လှူဒါန်းလျက်ရှိကြသည့် ပြည်တွင်း/ပြည်ပမှ လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်မပျက် ဆက်ကပ်အပ်နှင်းချီးမြှင့်ခြင်းဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးကို အားပေးထောက်ပံ့လျက်ရှိပါကြောင်း။ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဆရာတော်ထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဆရာတော်ထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော ဆရာတော်ထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဆရာတော်ထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဆရာတော်ထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဆရာတော်ထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။

*စာမျက်နှာ ၃ မှ*

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ ဩဝါဒတော်များနှင့်အညီ ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းလင်းဝေစည်အောင် စဉ်ဆက်မပြတ် ထောက်ပံ့ပူဇော်နိုင်ရန် အားစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ထူးခြားမွန်မြတ်သော ဓမ္မပူဇာကုသိုလ်တော်အဖြစ် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံ ပါဠိတော်(မြန်မာ၊ ရိုမန်) အက္ခရာနှစ်မျိုးဖြင့် ပြုစုထားသော ကျမ်းစာအုပ်များကို ပြည်တွင်း/ ပြည်ပရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းလျက်ရှိပါကြောင်း။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် သဗ္ဗညုဘုရားရှင် ဟောညွှန်တော်မူခဲ့သည့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟု ဆိုအပ်သော သာသနာတော်သုံးရပ်၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းစွာ ထမ်းဆောင်တော်မူကြသည့် သံဃာတော်အားလုံးကို ဦးဆောင်နေရသဖြင့် နိုင်ငံတော်၏ ဗုဒ္ဓသာသနာတော်အတွက် တာဝန်ကြီးမားစွာဖြင့် ဦးဆောင်နေရသည့် သံဃာ့အဖွဲ့အစည်းကြီးဖြစ်ပါကြောင်း။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အနေဖြင့် သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးအတွက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဦးဆောင်တာဝန်ယူဆောင်ရွက်နေသည့်ကာလတွင် သာသနာရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် သာသနာ့တာဝန်များကို စိတ်လက်ပေါ့ပါးစွာဖြင့် လွယ်ကူလျင်မြန်စွာ ထမ်းဆောင်တော်မူနိုင်ကြပါစေရန် ရည်သန်လျက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မဟာနာယက ဆရာတော်ကြီးများထံ နိုင်ငံတော်အဆင့် *စာမျက်နှာ ၅ သို့*



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဆရာတော်ထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။

*စာမျက်နှာ ၄ မှ*

မော်တော်ယာဉ်များကို ဆက်ကပ်အပ်နှံသွားမည်ဖြစ်ပါကြောင်းနှင့် မဟာနာယကဆရာတော်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး၏အကျိုးကို အစဉ်သယ်ပိုးထမ်းဆောင်နိုင်တော်မူကြပါစေကြောင်း လျှောက်ထားတင်ပြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးက သမ္မောဒနီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်ကြီးတို့ထံသို့ နိုင်ငံတော်အဆင့်အဆောင်အယောင်မော်တော်ယာဉ်များ ဆက်ကပ်အပ်နှံပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း**

ဆက်လက်ပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ်များကို ဆက်ကပ်အပ်နှံကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်ကြီးများက ဘဝတု သုံးဂါထာနှင့် သဗ္ဗီတိယော မေတ္တာပို့ဂါထာတော်များကို ရွတ်ဆို၍ မေတ္တာပြုချီးမြှင့်တော်မူကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ ဆရာတော်ကြီးထံ ဆက်ကပ်အပ်နှံထားရှိသည့် နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ်အား ပရိတ်နံ့သာရည်များ ပက်ဖျန်း၍ သဒ္ဓိမင်္ဂလာဆင်ယင်စဉ်။

ယင်းနောက် အောင်အိုးကိုင် ဥပါသကာများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်ကြီးများအား နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ်များထားရှိသည့် သတ်မှတ်နေရာသို့ ကြိုဆိုပင့်ဆောင်ကြသည်။

**ပရိတ်နံ့သာရည်များ ပက်ဖျန်း**

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်ကြီးများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့က နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံ ဆက်ကပ်အပ်နှံထားရှိသည့် နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ်များအား တစ်စီးချင်းစီအလိုက် ပရိတ်နံ့သာရည်များ ပက်ဖျန်း၍ သဒ္ဓိမင်္ဂလာဆင်ယင်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ သာသနိကအဆောက်အဦများ၊ ဟံသာသီရိကုန်းတော်ရှိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ဆရာတော်ကြီးများလာရောက်စဉ် ခေတ္တသီတင်းသုံးသည့် အဆောင်များနှင့်လမ်းများ အဆင့်မြှင့်တင် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ သာသနိကအဆောက်အဦများနှင့် လမ်းများ အဆင့်မြှင့်တင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

## သာပေါင်း၌ တရားမဝင်ငါးဖမ်းဆီးမှု မရှိစေရေးအသိပညာပေး

**သာပေါင်း ဇွန် ၉**

ပုသိမ်ခရိုင်အတွင်းရှိ မြစ်ချောင်းများအတွင်း ငါးရစ်ငါးသန်ကာလ တရားမဝင်ငါးဖမ်းဆီးမှုမရှိစေရေး၊ ငါးသယံဇာတ ပေါများစေရေး၊ စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေး၊ ပြည်သူများ ငါးရိက္ခာဖူလုံစေရေး၊ ဒေသနေပြည်သူများ အသိပညာတိုးပွားစေရေးနှင့် သားစဉ်မြေးဆက် ငါးစားသုံးနိုင်ရေး ရည်ရွယ်၍ ငါးသယံဇာတထိန်းသိမ်းရေးအသိပညာပေးဆိုင်းဘုတ်များကို ဇွန် ၉ ရက်က သာပေါင်းမြို့နယ် ဒါးကမကျီးကုန်းကျေးရွာ ဥတိုအဝပိုင်းချောင်းနှင့် ဒါးကမြစ်ဆုံရာတွင်လည်းကောင်း၊ ခပ်အောင်းချောင်းကျေးရွာ ခပ်အောင်းချောင်း ချောင်းနှင့် ဒါးကမြစ်ဆုံရာတွင်လည်းကောင်း စိုက်ထူခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ပုသိမ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးသိမ်း၊ သာပေါင်းမြို့နယ်နှင့် ပုသိမ်ကန်ကြီးထောင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှဝန်ထမ်းများ၊ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရေလုပ်သားများနှင့် ဒေသခံလုပ်သားပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေတောင်မြို့နယ်၌ ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလုပ်ငန်း အသိပညာပေး ဆွေးနွေး

**ရွှေတောင် ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပြည်ခရိုင် မြန်မာ့အာမခံလုပ်ငန်းမှ ဇွန် ၇ ရက်က ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလုပ်ငန်း အသိပညာပေးဆွေးနွေးခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကားပြောကြားသည်။ အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို ပြည်ခရိုင်မြန်မာ့အာမခံလုပ်ငန်းနှင့် ရွှေတောင်မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်း၍ တက်ရောက်လာသောမိုးစပါးစိုက်စရိတ်ချေးငွေထုတ်ချေးသည့် တောင်သူ ၁၅၈ ဦးအား ပြည်ခရိုင် မြန်မာ့အာမခံလုပ်ငန်းတာဝန်ခံ ဦးကျော်သူရက ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့်တောင်သူများအား ရာသီဥတုအညွှန်း



ကိန်းသီးနှံအာမခံလုပ်ငန်းများကို လက်ခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် ဝန်ထမ်းသား သမီးများ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် ဝန်ထမ်း သားသမီး ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် လူငယ်များ ကျန်းမာပြီး ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ကာ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များဖြစ်အောင် မိဘများအနေဖြင့် ငယ်စဉ်ကတည်းက ပြုစုပျိုးထောင် သွန်သင်ပြသသင်ကြားပေးသွားရန်လိုကြောင်း၊ ယခုခေတ်သည် ပညာခေတ်ဖြစ်ပြီး ပညာသည်သာလျှင် စစ်မှန်သည့် တန်ဖိုးဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် နောင်တစ်ချိန်တွင် မိမိအတွက်၊ မိသားစုအတွက်၊ လူမျိုးအတွက်၊ နိုင်ငံအတွက် အကျိုးပြုနိုင်ပြီး ထူးချွန်ထက်မြက်သည့် ပညာတတ်ကြီးများဖြစ်အောင် ဆက်လက်ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်ကြရာ ကျောင်းသား ကျောင်းသူများကိုယ်စား အထက်တန်းကျောင်းသူ မနန္ဒာဝင်းရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။




ယနေ့အခမ်းအနားတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မူလတန်းအဆင့်အတွက် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ၃၁၅ ဦး၊ အလယ်တန်းအဆင့်အတွက် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၁၁၄ ဦး၊ အထက်တန်းအဆင့်အတွက် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၈၇ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၁၆ ဦးတို့အတွက် ငွေကျပ် ၉၆၁၅၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် FATF က အသိအမှတ်ပြုပြီး နှစ်စဉ်စံနှုန်းသတ်မှတ်ချက်အဆင့်များ တိုးမြှင့်ပေးလျက်ရှိခြင်း

၁။ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) က မြန်မာနိုင်ငံအား တိုးမြှင့်စောင့်ကြည့်ခွင့်ရှိသည့် နိုင်ငံနှင့် ဒေသများစာရင်း (Jurisdictions under increased monitoring)မှ စိစစ်ဆောင်ရွက်မှုပြုရန် တောင်းဆိုခြင်းခံရသည့် အန္တရာယ်မြင့်မားမှုရှိသောနိုင်ငံနှင့်ဒေသများစာရင်း (High–Risk Jurisdictions subject to a call for Action)သို့ ပြောင်းရွှေ့ထည့်သွင်းခြင်းခံရမှုအခြေအနေနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံ၏ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်တိုးတက်မှုများရှိလာပြီဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) လုပ်ငန်းများနှင့် လူအများအပြား သေကျေစေသည့်လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)၏ စံသတ်မှတ်ချက်များနှင့် အာရှ–ပစိဖိတ်ဒေသငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG) ၏ အကြံပြုချက်များအတိုင်း စဉ်ဆက်မပြတ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုအစီရင်ခံစာများအား ပြုစုပြီး အာရှ–ပစိဖိတ်ပူးတွဲအဖွဲ့(Asia Pacific Joint Group–APJG)ထံသို့ လေးလတစ်ကြိမ် ပေးပို့ခြင်း၊ ယင်းအဖွဲ့၏ မျက်နှာချင်းဆိုင်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့များ တက်ရောက်၍ APJG မှ အကဲဖြတ်သူများ၏ အကြံပြုချက်များနှင့်အညီ ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၄။ ရလဒ်ကောင်းများအနေဖြင့် ၂၀၂၁ ခုနှစ်တွင် လက်ငင်းရလဒ် (၂)ခုဖြစ်သည့်ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ကြီးကြပ်ရေးအာဏာပိုင်များလုံလောက်စွာခန့်အပ်ခြင်းနှင့် ဘဏ်များအား ကြီးကြပ်စစ်ဆေးခြင်း၊ ၂၀၂၂ ခုနှစ်တွင် လက်ငင်းရလဒ် (၁) ခုဖြစ်သည့် လူအများအပြားသေကျေစေသည့်လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(PFTFS)အတွက် ကြီးကြပ်ရေးအာဏာပိုင်များအား သင်တန်းပေးခြင်း၊ ၂၀၂၃ ခုနှစ်တွင် လက်ငင်းရလဒ်(၁)ခုဖြစ်သည့် PFTFS အတွက် သတင်းပို့အဖွဲ့အစည်းများအား အသိပညာပေးခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းနှင့် ၂၀၂၄ ခုနှစ်တွင် လက်ငင်းရလဒ် (၁)ခုဖြစ်သည့် ကျောက်မျက်၊ ရွှေရောင်းဝယ်သူများ၊ အိမ်ခြံမြေကဏ္ဍတို့အား ဆုံးရှုံးနိုင်ခြေအခြေပြု ကြီးကြပ်စစ်ဆေးခြင်း စသည့် စုစုပေါင်းလက်ငင်းရလဒ် (၅) ခုသည် ကြီးမားစွာလိုက်နာဆောင်ရွက်ခြင်းအဆင့်သို့ တိုးမြှင့်ရရှိခဲ့ပါသည်။

၅။ ထို့အပြင် APG သို့ တစ်နှစ်လျှင်တစ်ကြိမ် တင်ပြလျက်ရှိသည့် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်တိုးတက်မှုအစီရင်ခံစာ၌ AML/CFT ဆိုင်ရာ တိုးတက်ဆောင်ရွက်မှုများ ထည့်သွင်းဖော်ပြပြီး အဆင့်သတ်မှတ်ချက်များ တိုးမြှင့်တောင်းခံခဲ့ရာ စဉ်ဆက်မပြတ်တိုးတက်မှုအစီရင်ခံစာ(၂၀၂၃)အား APG ၏ အကဲဖြတ်ချက်အရ အကြံပြုချက်(၂၅)ချက်အား စံနှုန်းသတ်မှတ်ချက်ကောင်းမွန်သည့် ကြီးမားစွာ လိုက်နာဆောင်ရွက်ခြင်းအဆင့်သို့ တိုးမြှင့်ရရှိပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း ၂၀၂၄ ခုနှစ်အတွင်း အကြံပြုချက် (၂) ချက်အပေါ် စံနှုန်းသတ်မှတ်ချက် တိုးတက်ကောင်းမွန်ကြောင်း အဆင့်တိုးမြှင့်ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၆။ သို့ပါ၍ မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် FATF နှင့် APG တို့က အသိအမှတ်ပြုပြီး နှစ်စဉ်စံနှုန်းသတ်မှတ်ချက်အဆင့်များ တိုးမြှင့်ပေးလျက်ရှိပါကြောင်း အများပြည်သူသိရှိစေရန် သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
(၉–၆–၂၀၂၄)

## တိုက်ကြီးမြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**တိုက်ကြီး ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်(၃)ဖြင့် ဂျိုးဖြူကျေးရွာ၌ ဇွန် ၅ ရက်က မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**



အဆိုပါ ပန်းခင်းစီမံချက် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးအောင်မင်းထွေးနှင့် ဝန်ထမ်းများက ဂျိုးဖြူကျေးရွာတွင် အသက် ၁၀ နှစ်ပြည့်ပြီးသူ ၅၀ နှင့် အသက် ၁၈ နှစ်နှင့်အထက်ပြည်သူ ၇၀ တို့ကို ကွင်းဆင်းဆောင်ရွက်ပေးပြီး တိုက်ကြီးခရိုင်အတွင်းရှိ ရပ်ကွက်ကျေးရွာများတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ မရှိသေးသော ပြည်သူများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုက်ကြီးမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက် (၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပြည် ဇွန် ၉**

ပြည်ခရိုင် သစ်တောဦးစီးဌာနမှူးကြီးမှူး၏ ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၉နာရီက ပြည်မြို့ ခေတ္တရာ မွေးမြူရေးဇုန်အနီး တုံးရေ သစ်တောကြိုးဝိုင်း အကွက်အမှတ် (၁၆) ၌ ကျင်းပရာ ဦးစွာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (ပြည်) မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်စိုးဦးဟန်နှင့် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်တို့က တာဝန်ရှိသူများထံ ပျိုးပင်များ ပေးအပ်သည်။

ထို့နောက် ဒေသကွပ်ကဲရေးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက တက်ရောက်လာသော ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အရပ်ဘက်ပရဟိတ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးဒီဂရီကောလိပ်(ပြည်)နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၈၀၀ ခန့်နှင့်အတူ ပျိုးပင်ပေါင်း ၁၅၄၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြပြီး **(ဝဲပုံ)** သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**



# နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းတိုက်ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝိစက္ခဏ မဟာထေရ်မြတ်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်ကြည်ညို

**နေပြည်တော် ဇွန် ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရတော်မူသော ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းတိုက်ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏ မဟာထေရ်မြတ်နှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အောင်စည်သာကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဇဝနတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ အောင်စည်သာကျောင်းတိုက်၌ ကျင်းပသည်။



အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယ၊ နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ မဟာထေရ်မြတ်ကြီး၊ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ပျဉ်းမနားမြို့ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တမုနိကုမာရ မထေရ်မြတ် အမှူးပြုသည့် ဆရာတော်သံဃာတော်အရှင်သူမြတ်များ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီဝင်များနှင့် ဇနီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယ၊ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာ ဇေယျုံကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တဝိမလဗုဒ္ဓိ မဟာထေရ်မြတ်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် "အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ" ဘွဲ့တံဆိပ်တော် အပူဇော်ခံ ဘဒ္ဒန္တဝိစက္ခဏ၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဇဝနတို့၏ ထေရုပ္ပတ္တိအကျဉ်းတို့ကို ဖတ်ကြားပူဇော်ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ချီးမြှင့်အပ်နှင်းခဲ့သည့် "အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီးတို့က အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏအား ထပ်ဆင့်ဆက်ကပ်လှူဒါန်းပြီး (ဓါတ်ပုံ) ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တဝိမလဗုဒ္ဓိ မဟာထေရ်မြတ်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ "ဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက အောင်စည်သာကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဇဝနအား ထပ်ဆင့် ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များနှင့် အမြဲတမ်းအတွင်းဝန်တို့က ဆရာတော်သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များက လှူဒါန်းသည့် အလှူငွေများကို လက်ခံကြသည်။

ယင်းနောက် ဘဒ္ဒန္တဝိမလဗုဒ္ဓိ မဟာထေရ်မြတ်ကြီးထံမှ ဩဝါဒပရိသတ်များက အနုမောဒနာတရားနာကြား၍ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များနှင် ၎င်းတို့၏ဇနီးတို့က ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## (၃၇)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၉**

(၃၇) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ ဇေယျာသီရိမြို့နယ် မွန်းတည့်ခွင်ကျေးရွာမှ တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြကာ "မီဒီယာအားဖြင့် အသိပညာမျှဝေခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခဌာနမှူး ဒေါက်တာရာဇာဟိန်းနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန လက်ထောက်သုတေသနအရာရှိ ဒေါ်နှင်းနှင်းလှိုင်တို့က မီဒီယာအားဖြင့် အသိပညာမျှဝေခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် အတွေ့အကြုံများကို တင်ပြဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ တောင်သူလယ်သမားရုပ်သံကဏ္ဍမှ နည်းပညာပေးဗီဒီယိုများ ရိုက်ကူး၍ တယ်လီဂရမ်၊ ဖေ့စ်ဘုတ်တို့၌ တင်ပေးထားသည်ကို သိရှိရန် လိုအပ်ကြောင်း၊ တောင်သူဦးကြီးများ မှန်ကန်တိကျသော သတင်းအချက်အလက်များ လျင်မြန်စွာ ရရှိရေးသည် အရေးကြီးကြောင်း၊ ကျေးရွာတိုင်းတွင် တောင်သူများ မီဒီယာ အသိပညာရရှိစေရန် မိုလ်ဘိုင်းဖုန်း မှန်ကန်စွာသုံးစွဲနည်း သင်တန်းဖွင့်လှစ်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးတွင် ကြုံတွေ့ရသည့် အခက်အခဲများကို တောင်သူများ ပူးပေါင်းပါဝင်သော မီဒီယာအားဖြင့် အတူတကွ ဖြေရှင်းနိုင်ရေး ကြိုးပမ်းသွားကြရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။



ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ရိုက်ကူးထားသော နှမ်း၊ မြေပဲ၊ ပဲပုပ် ပေါင်ကြီးတင်နည်းပညာပေး ဗီဒီယိုကိုပြသပြီး ဆွေးနွေးပွဲ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ဒုတိယဝန်ကြီးနှင့် ပညာရှင်များက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လယ်ဝေးမြို့နယ်၌ ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဆွေးနွေး

**လယ်ဝေး ဇွန် ၉**

နေပြည်တော် ဆီထွက်သီးနှံဇုန်တွင် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံတို့ကို ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ရိတ်သိမ်းချိန်တွင် တောင်သူများ လိုက်နာဆောင်ရွက်ရန်



အချက်များကို စိုက်ပျိုးပညာပေးရေးဌာနခွဲ(ရုံးချုပ်)မှ ပညာရှင်များက တောင်သူများအား အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၇ ရက်က လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်အုပ်စုနှင့် ရေအိုးစဉ်အုပ်စုတို့၌ ကျင်းပသည်။ **(အောက်ဓါတ်ပုံ)**

အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးပညာပေးရေးဌာနခွဲ(ရုံးချုပ်)မှ စိုက်ပျိုးရေးပညာရှင်များက ဆီထွက်သီးနှံများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်နည်းစနစ်များကို အလေးထားဆောင်ရွက်ရန်၊ ရာသီဥတုပြောင်းလဲမှုကြောင့် ရေသွင်းရေထုတ်အလွယ်တကူဆောင်ရွက်နိုင်ရန် ဘောင်းနစ်များ ထည့်သွင်းစိုက်ပျိုးရေး စသည့် နည်းစနစ်များဖြင့် စိုက်ပျိုးရန်၊ တစ်ဧကအထွက်နှုန်း တင်း ၂၀ အထက် ထွက်ရှိရန် အပင်ပြုစုခြင်း၊ ပိုးမွှားရောဂါကာကွယ်ခြင်းများကို စနစ်တကျ ဆောင်ရွက်ရန်နှင့် ရိတ်သိမ်းချိန်တွင် ချက်ချင်းနုတ်၊ စည်းထောင်စနစ်များကို လိုက်နာဆောင်ရွက်ရန်၊ ယခုအချိန်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ရိတ်သိမ်းချိန်တွင် အခက်အခဲများ မရှိစေရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများက ကူညီပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါတောင်သူပညာပေးဆွေးနွေးပွဲတွင် နွေနှမ်းစိုက်ပျိုးသည့် ရေအိုးစဉ်အုပ်စုနှင့် သစ်ဆိမ့်ပင်အုပ်စုတို့မှ တောင်များအား ကွင်းထဲတွင် လက်တွေ့ပြသခဲ့ပြီး တောင်သူများကသိရှိလိုသော အချက်များကို မေးမြန်းကြရာ နေပြည်တော် ဆီထွက်သီးနှံဇုန် တာဝန်ခံ ဦးစိုးနိုင်နှင့် စိုက်ပျိုးပညာပေးရေးဌာနခွဲ(ရုံးချုပ်)မှ စိုက်ပျိုးရေးပညာရှင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ခရီးသွားနဲ့ကုန်စည်ပို့ဆောင်မှု မြန်ဆန်ခြင်းဟာ မြို့ပြရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို အတိုင်းအတာတစ်ခုအထိ အထောက်အကူဖြစ်စေတဲ့အတွက် သန်လျင် အမှတ်-၃ တံတားကြီးဖွင့်လှစ်ခဲ့တာကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပါတယ်

ဦးအောင်ကြည်(ခရီးသွား)



ဦးထင်ကျော် (ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး)



ဦးငွေစိုး (ခရီးသွား)



ဒေါ်သက်စု (ခရီးသွား)



ဦးအောင်ကြည်(ခရီးသွား)

**ရန်ကုန် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သီလဝါ စီးပွားရေးဇုန်၏ ကုန်စည်စီးဆင်းမှု၊ မြို့နယ်များမှ ဒေသထွက်ကုန်များနှင့် အများပြည်သူသွားလာမှုတွင် လွယ်ကူမြန်ဆန်စွာသွားလာနိုင်ရန် ပဲခူးမြစ်ကူး တံတားဖြစ်သည့် သန်လျင်တံတား အမှတ်-၃ ကို ဇွန် ၈ ရက်က အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။

ထိုသို့သန်လျင်အမှတ်-၃ တံတားကြီး ဖွင့်လှစ်နိုင်မှုကြောင့် ယခင်က တစ်လမ်းမောင်းဖြင့် ဖြတ်သန်းသွားလာရသည့် သန်လျင်တံတားအမှတ်-၁ ပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုကို လုံးဝဖြေလျှော့သွားစေသည့်အပြင် ကုန်စည်ပို့ဆောင်မှုနှင့် ခရီးသွားလာမှုမြန်ဆန်ချောမွေ့လာခြင်းသည် ရန်ကုန်တိုင်းဒေသကြီး၏ ကုန်ထုတ်စွမ်းအားနှင့် ပို့ကုန်ကဏ္ဍတိုးမြှင့်ရေးကို အထောက်အပံ့ဖြစ်စေမည်မှာ အမှန်ပင်ဖြစ်သည်။ အထူးသဖြင့် သီလဝါ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးလာမှုဖြင့် ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းများ တိုးပွားလာသည့်အပြင် သန်လျင်မြို့နယ်နှင့်ဆက်စပ်လျက်ရှိသည့် ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်တို့ရှိ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ များစွာဖြစ်စေလျက်ရှိရာ သန်လျင်တံတားအမှတ်-၃ ပေါ်မှ ဖြတ်သန်းသွားလာနေကြသည့် အများပြည်သူတို့၏ ရင်တွင်းပီတိ စကားသံတို့ကို စုစည်းဖော်ပြလိုက်ပါသည်။

**ဦးထင်ကျော် (ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး )**

သန်လျင်အမှတ်-၃ တံတားကို ဖွင့်လှစ်လိုက်ပြီး အများပြည်သူ စိတ်အေးချမ်းသာစွာ ဖြတ်သန်းသွားလာတာကို တွေ့မြင်ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ တံတားပေါ်က ဖြတ်သန်းတဲ့ယာဉ် အသုံးပြုခကောက်ခံတာကိုလည်း ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာနက တာဝန်ယူပြီး ဆောင်ရွက်သွားမှာပါ။ သန်လျင်တံတားအမှတ်-၁ ဟာ တစ်လမ်းသွားဖြစ်တဲ့အတွက် ယာဉ်သွားလာမှုများတဲ့ နံနက်ပိုင်းနဲ့ ညနေပိုင်းမှာ ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်ခဲ့ပါတယ်။ အမှတ်-၃ တံတားကြီးကို ဖွင့်လှစ်ပြီးတဲ့နောက် ယာဉ်တွေ အဆင်ပြေချောမွေ့စွာဖြတ်သန်းသွားလာနေတာကို တွေ့မြင်ရမှာပါ။ ဇွန် ၈ ရက်ကနေ ဇွန် ၁၅ ရက်အထိ တံတားဖြတ်သန်းခ ပေးဆောင်စရာမလိုဘဲ ဇွန် ၁၆ ရက်ကစပြီး သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံသွားမှာပါ။ တံတားဝန်ဆောင်ခ ကောက်ခံရာမှာလည်း QR Code System ဖြစ်စေ၊ ငွေသားနဲ့ဖြစ်စေ ကောက်ခံမှာပါ။ ကုန်တင်ယာဉ်ကြီးတွေအတွက် ဖြတ်သန်းခွင့်အချိန်ကို သတ်မှတ်ပေးသွားဖို့ရှိပါတယ်။ ရန်ကုန်-သန်လျင်ကို ဖြတ်သန်းသွားလာတဲ့အခါမှာ ယာဉ်ကြောပိတ်ဆို့မှုဖြစ်တတ်တဲ့အတွက် တင်ပြပြီးမှ ဆောင်ရွက်သွားဖို့ရှိပါတယ်။ တံတားနှစ်ဖက်စလုံးက ယာဉ်တွေ အခုလိုတံတားပေါ်မှာ အဆင်ပြေချောမွေ့စွာ ဖြန်သန်းသွားလာနေတာကို တွေ့မြင်ရတော့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။

**ဦးငွေစိုး(ခရီးသွား)**

ကျွန်တော်က သာကေတမှာ နေတယ်။ သန်လျင်ကိုသွားတဲ့အခါ အရင်လိုတံတားပေါ်မှာ ပိတ်ဆို့မှုမရှိတော့တဲ့အတွက် သွားလာရေး အဆင်ပြေလာပါပြီ။ အရင်က တံတားအမှတ်-၁မှာ တစ်လမ်းသွားနဲ့ သွားလာရတယ်ဆိုတော့ တမေ့တမြော သွားလာနေရတဲ့ အခြေအနေကနေ အခုလို ခရီးကြန့်ကြာမှုမရှိဘဲ သွားလာနိုင်တဲ့အတွက် ရင်ထဲပီတိဖြစ်ရပါတယ်။ သန်လျင်တံတားအမှတ်-၃ ပေါ်ကနေ လွယ်ကူမြန်ဆန်စွာ ခရီးသွားလာနိုင်ပြီဖြစ်လို့ ကျွန်တော့်လိုပဲ ခရီးသွားအားလုံး ဝမ်းသာကြည်နူးမှုကို ခံစားနေကြရမှာပါ။

**ဒေါ်သက်စု(ခရီးသွား)**

ကျွန်မက သန်လျင်မှာ နေပါတယ်။ အရင်က သန်လျင်အမှတ်-၁ တံတားပေါ်က တစ်လမ်းမောင်းနဲ့ သွားလာရတယ်ဆိုတော့ ယာဉ်ကြောကြပ်တာကြုံရတယ်။ တံတားပေါ်မှာ အချိန်ကုန်ခဲ့ရတယ်။ အခုလို တံတားအသစ်ကြီးကို ဖွင့်လှစ်လိုက်ပြီဆိုတော့ အဆင်ပြေပြေနဲ့ မြစ်ကိုဖြတ်သန်းသွားလာရတာဟာ စိတ်အေးချမ်းမှုရရှိတဲ့အတွက် ဘယ်လိုခံစားမှုမျိုးနဲ့မှမတူပါဘူး။ အခုလို အဆင်ပြေပြေ ဖြတ်သန်း သွားလာခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ဦးအောင်ကြည်(ခရီးသွား)**

ကျွန်တော်က တညင်မှာနေတာပါ။ တံတားဟောင်းနဲ့စာရင် တံတားအသစ်မှာ မြန်မြန်ဆန်ဆန်နဲ့ သွားလာခွင့်ရတာဟာ ဝမ်းသာပီတိဖြစ်စရာပါ။ ခရီးသွားတွေလည်း အဆင်ပြေချောမွေ့စွာ သွားလာနိုင်သလို ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်စေတဲ့အတွက် အားလုံးကို အကျိုးရှိစေပါတယ်။ ခရီးသွားနဲ့ ကုန်စည်ပို့ဆောင်မှု မြန်ဆန်ခြင်းဟာ မြို့ပြရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို အတိုင်းအတာတစ်ခုအထိ အထောက်အကူဖြစ်စေတဲ့အတွက် သန်လျင် အမှတ်-၃ တံတားကြီး ဖွင့်လှစ်ခဲ့တာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။

**တွေ့ဆုံမေးမြန်း - သစ္စာ(mna)**
**ဓာတ်ပုံ - ဇွဲမာန်**

---

❏ *ကျောဖုံးမှ*

ဖြတ်သန်း မောင်းနှင်လျက်ရှိပြီး စတင်ဖွင့်လှစ်သည့်နေ့တွင် ကားအစီးရေ ၁၂၉၈၈ စီး ဖြတ်သန်းမောင်းနှင်ခဲ့ပြီး ယနေ့တွင် ကားအစီးရေ ၃၁၅၀၉ စီးကျော် ဖြတ်သန်း မောင်းနှင်ခဲ့ကြောင်း သိရှိရသည်။

ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) အသုံးပြုခကို ဇွန် ၈ ရက်မှ ၁၅ ရက်အထိ အခမဲ့ ဖြတ်သန်း ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် ၁၆ ရက်မှ စတင်၍ တံတားဖြတ်သန်းခများကို မော်တော်ယာဉ် အမျိုးအစားများအလိုက် ကောက်ခံသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုကဲ့သို့ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) တံတားသစ်ကြီးကို တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် သန်လျင်တံတားအမှတ်-၁ တွင် ဖြစ်ပေါ်လျက်ရှိသည့် ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး သီလဝါ အထူးစီးပွားရေးဇုန်ကို အကြောင်းပြု၍ ပြည်တွင်း၊ ပြည်ပ စီးပွားရေး လုပ်ငန်းများ တိုးပွားလာမှုကြောင့် ရန်ကုန်မြို့အပါအဝင် ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်များဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# မနက်ဖြန်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၉**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

---

❂ *ကျောဖုံးမှ*

ပင်းဘော၊ ဖားကန့်၊ ကာမိုင်း၊ ဗန်းမော်၊ မိုးမောက်၊ မြို့သစ်၊ မန်စီ၊ ရွှေကူ၊ ပူတာအို၊ မချမ်းဘောနှင့် နောင်မွန်စာစစ်ဌာန၊ **ကရင်ပြည်နယ်မှ** လှိုင်းဘွဲ့၊ ရွှေဂွန်း၊ ဘုရင့်နောင်တပ်၊ လိပ်သို၊ ကမမောင်း၊ နဘူး၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီစာစစ်ဌာန၊ **ချင်းပြည်နယ်မှ** ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ကျီခါး၊ မင်းတပ်၊ မတူပီနှင့် အထူးအစီအစဉ် အထက (၂) မတူပီစာစစ်ဌာန၊ **ရခိုင်ပြည်နယ်မှ** သံတွဲပြင်ကုန်း၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်၊ မြင့်ဂါ၊ ဆင်တက်မော်၊ ရသေ့တောင်၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ကမ်းနီ၊ မြေပုံ၊ ကမ်းထောင့်ကြီး၊ ကျောက်ဖြူ၊ စနဲ၊ ဇင်ချောင်း၊ အမ၊ အစိုးရရပ်ကွက်၊ စစ်တော၊ အထက (၃) ကျောက်ဖြူ၊ အောက်မဒေးကျွန်း၊ ရမ်းဗြဲ၊ ကုန်းဘောင်(၁)၊ ကျောက်နီမော်၊ ဇရပ်ပြင်၊ အမ်း၊ တပ်တောင်၊ သံတွဲ၊ ကျောက်ကြီး၊ ကင်းမော်၊ ငပလီ၊ ဂွ၊ ကျိန္တလီ၊ ဆပ်သွား၊ တောင်ကုတ်၊ ရွာမ၊ အထက (၂) တောင်ကုတ်၊ မာန်အောင်၊ မောင်တော၊ တောင်ပြိုလက်ဝဲနှင့် ဘူးသီးတောင် စာစစ်ဌာန၊ **ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ** မိုင်းခတ်၊ မိုင်းပျဉ်း၊ မိုင်းယန်း၊ မက်မန်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းဖြတ်နှင့် မိုင်းယောင်းစာစစ်ဌာန၊ **ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ** တန့်ယန်း၊ မိုင်းရယ်၊ မူဆယ်၊ နမ့်ခမ်းနှင့် သီပေါစာစစ်ဌာန၊ **ရှမ်းပြည်နယ် (တောင်ပိုင်း)မှ** ဖယ်ခုံ၊ ဟိုပုံး၊ ဆီဆိုင်၊ ဘန်းယဉ်၊ ဆိုက်ခေါင်၊ ထမ့်ယမ်း၊ ပင်လောင်း၊ နောင်တရား၊ တီဂျစ်၊ ပင်ခွန်၊ တင်းတက်၊ တလိုင်းမရွာသစ်၊ မိုင်းကိုင်၊ ကွန်ဟိန်း၊ မိုးနဲ၊ တုန်ဟုန်း၊ မိုင်းရှူး၊ ဝမ်ကန်၊ ကျေးသီးမံစံ၊ မိုင်းနောင်၊ မိုင်းပန်နှင့် မောက်မယ် စာစစ်ဌာန၊ **တနင်္သာရီတိုင်းဒေသကြီးမှ** ကျွန်းစု၊ ပုလောနှင့် ဘုတ်ပြင်းစာစစ်ဌာန၊ **မကွေးတိုင်းဒေသကြီးမှ** စေတုတ္တရာ၊ ငဖဲ၊ ပဒါန်း၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဂန့်ဂေါနှင့် ဟံသာဝတီစာစစ်ဌာန၊ **စစ်ကိုင်းတိုင်းဒေသကြီးမှ** ကလေး၊ အင်ဒိုင်းကြီး၊ မင်းကင်း၊ ပန်းဆက်၊ ကလေးဝ၊ တမူး၊ ကန့်ဘလူ၊ ထန်းကုန်း၊ ကျွန်းလှ၊ ရေဦး၊ ဒီပဲယင်း၊ အရာတော်၊ ချောင်းဦး၊ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ဝန်းသို၊ မော်လိုက်၊ ကင်းတပ်၊ ဖောင်းပြင်၊ ခန္တီး၊ ဟုမ္မလင်း၊ ကတ်သာ၊ မောင်းခမ်း၊ ထမံသီ၊ လေရှီး၊ ပန်ဆပ်၊ ဆွမ္မရာ၊ လဟယ်၊ နန်းယွန်းနှင့် ပန်ဆောင် စာစစ်ဌာန၊ **ရန်ကုန်တိုင်းဒေသကြီးမှ** ကိုကိုးကျွန်း စာစစ်ဌာနတို့ ဖြစ်ပါသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကြေညာချက်များကို မြန်မာနိုင်ငံ အထက်ပိုင်းဒေသ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများအတွက် လှိုင်းတို (၅၀ ဒသမ ၇၁ မီတာ)၊ ( ၅၉၁၅ ကီလိုဟက်ဇ်) မှလည်းကောင်း၊ မြန်မာနိုင်ငံ အောက်ပိုင်းဒေသ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများအတွက် လှိုင်းလတ် ( ၄၁၁ ဒသမ ၅၂ မီတာ)၊ (၇၂၉ ကီလိုဟက်ဇ်) မှ လည်းကောင်း ဖမ်းယူနားဆင်နိုင်ပါကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် နည်းပညာတက္ကသိုလ် (မြစ်ကြီးနား) ကျောင်းဝင်းအတွင်း ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**မြစ်ကြီးနား ဇွန် ၉**

ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးစေရေး၊ မိုးခေါင်ရေရှားမှုနှင့် အပူဒဏ်ကာကွယ်ရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ပြည်သူများ သစ်တောသစ်ပင်များ၏ တန်ဖိုးကိုနားလည်ပြီး သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာစေရေး ရည်ရွယ်၍ ကချင်ပြည်နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ဇွန် ၈ ရက်တွင် မြစ်ကြီးနားမြို့ နည်းပညာတက္ကသိုလ် ကျောင်းဝင်းအတွင်း၌ ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပသည်။



ဦးစွာ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးမည့် ဒေသနှင့်ကိုက်ညီသည့် ပျိုးပင်များကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်တို့က ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကျောင်းဝင်းအတွင်း မြေကွက်လပ်၌ ရတနာတန်းဝင် ကျွန်းပင်၊ တမလန်း၊ ရေပိတောက်၊ မန်ကျည်းရှား၊ စကားဝါ၊ ယမနေ၊ ရင်းမာ၊ ပျဉ်းမ စသည့် သစ်ပျိုး ရှစ်မျိုး၊ စုစုပေါင်း အရိပ်ရအပင်ကြီးပေါင်း ၄၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ (ဝဲပုံ)

ကချင်ပြည်နယ် သစ်တောဦးစီးဌာနအနေဖြင့် မြစ်ကြီးနားမြို့နယ်အတွင်း အပတ်စဉ် စနေနေ့တိုင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ယခုနှစ်မိုးရာသီအတွက် ပြည်သူလူထုနှင့် ဌာနဆိုင်ရာတပ်ရင်း/တပ်ဖွဲ့များသို့ ပျိုးပင်ပေါင်း ၇၀၀၀ ကျော်ကို ဖြန့်ဝေစိုက်ပျိုးနိုင်ခဲ့ပြီး သစ်ပင်စိုက်ပျိုးလိုသူများကိုလည်း မြို့နယ်သစ်တောဦးစီးဌာနမှ ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် လပွတ္တာ - သဃ်န်းကြီးကားလမ်း ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**ပုသိမ် ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လပွတ္တာမြို့နယ် လပွတ္တာ-သဃ်န်းကြီးကားလမ်းအနီး ကမ်းပြိုသည့်နေရာကို ဇွန် ၇ ရက်က သွားရောက်ကြည့်ရှုသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက လပွတ္တာ-သဃ်န်းကြီး ကားလမ်းအပိုင်းရှိ မိုင်တိုင် (၁/၇) မှ (၂/၀)အကြား၊ မိုင်တိုင် (၂/၄) မှ (၂/၅)အကြားနှင့် မိုင်တိုင် (၂/၆) မှ (၂/၇) အကြားတွင် စုစုပေါင်း အလျားပေ ၃၃၀ ခန့် ကမ်းပြိုမှုဖြစ်ပွားခဲ့သည့် အခြေအနေနှင့် ယာယီကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်နှင့် မော်တော်ယာဉ်များ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် အန္တရာယ်ပြ အမှတ်အသားများ ပြသထားရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့်လပွတ္တာ-သဃ်န်းကြီး ကားလမ်း မိုင်တိုင် (၂/၀) နှင့် (၂/၁) အကြားတွင် အလျားပေ ၁၆၀ နှင့် မိုင်တိုင် (၂/၃)နှင့် (၂/၄) အကြားတွင် အလျား ၉၅ ပေ၊ စုစုပေါင်း ၂၅၅ပေ၌ ဘိုးပိုင်အခြေပြု ကျောက်စီနံရံ ဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ဒါ လုပ်ငန်းစဉ်များ ပြီးစီးသည်နှင့်တစ်ပြိုင်နက် လုပ်ငန်းများ စတင်ဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်နှင့် အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လပွတ္တာမြို့နယ် မြွေဟောက်ကျေးရွာရှိ တောင်သူဦးမန်းဖြူ၏ စိုက်ကေ (၅) တွင် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၁၀တန်းသွားမျိုးစေ့ချစက်ဖြင့် မျိုးစေ့ချခြင်းနှင့် လက်ဆွဲမျိုးစေ့ချကိရိယာ (Seeder) ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲသို့ တက်ရောက် ကြည့်ရှုအားပေးပြီး တောင်သူများထံသို့ လက်ဆွဲမျိုးစေ့ချကိရိယာများ ပေးအပ်ခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## အမရပူရမြို့နယ်၌ နွေစပါး(မနောသုခ) စံကွက်ရိတ်သိမ်းပွဲကျင်းပ

**မန္တလေး ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဘနောကျေးရွာအုပ်စု ကွင်းအမှတ်(၆၅၀)ကွင်း၊ ဦးပိုင်အမှတ် (၁၁၃/၂)၊ ဧရိယာ(၂.၇၁) ဧကရှိ တောင်သူ ဒေါ်တင်တင်စိုး၏ (မူရင်း) လယ်မြေပေါ်တွင် စိုက်ပျိုးထားရှိသော နွေစပါး (မနောသုခ) စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွန့်ဦး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးဆယ်တင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်မိုးဆွေရည်နှင့် ဝန်ထမ်းများက စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အစိုအထွက်တင်း ၁၀၅.၄၇ တင်း ထွက်ရှိကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနရုံးမှ သိရသည်။

စိုးသီဟ(အမရ)



## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

## မြန်မာစာ မြန်မာစကား

**အသုံးမများ ကို နှင့် အား**

**အပြုခံရသူ** ကို ဖော်ပြလိုလျှင် **ကို** ကို သုံးသည်။

၁။ မဟာဗောဓိပင် **ကို** စိုက်တော်မူမည်။
၂။ မင်းထင်စည်သူ **ကို** ဝန်ကြီးခန့်တော်မူသည်။
၃။ ခွေး **ကို** ရိုက်သည်။
၄။ လေ့ **ကို** လှော်သည်။

**လက်ခံသူ** ကို ဖော်ပြလိုလျှင် **အား** ကို သုံးသည်။

၁။ ရတနာသုံးပါး **အား** အကုန်ငါလှူ၏။
၂။ မင်းကြီးလည်း ရဟန္တာမြတ်တို့ **အား** ထိုအကြောင်း **ကို** နားတော်လျှောက်လေ၏။
၃။ စူဠနီဗြဟ္မဒတ်မင်းသည် သမီးတော် **ကို** အရှင်မင်းကြီး **အား** ပေးထိမ်းမြားအံ့ ...
၄။ ဘုရားလောင်းသည် ထမင်းဆုပ် **ကို** ခွေးငယ် **အား** ပေးလိုသော အခြင်းအရာကို ပြ၏။
၅။ တိုင်ကပ်နာရီ **ကို** ကျောင်းအုပ်ဆရာမကြီး **အား** ပေးအပ်လှူဒါန်းပြီးနောက် ...




မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

## တောင်ဥက္ကလာပမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀)ရပ်ကွက် ဟေမဝန်ဓမ္မာရုံ၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ပေးသည်။ (ယာပုံ)

ထိုသို့ဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တောင်ဥက္ကလာပမြို့နယ် ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးအောင်ကိုနှင့် ဝန်ထမ်းများက အမှတ် (၁၀) ရပ်ကွက်အတွင်းရှိ ပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ရာ အသက် ၁၀ နှစ်ပြည့် ၄၂ ဦးနှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ဦး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဒေသတွင်းဆီဖူလုံရေး အထောက်အကူပြု ဝင်ငွေရ ပန်းနှမ်းသီးနှံ

**မြန်မာနိုင်ငံ၌ စပါးအပါအဝင် ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုးနှင့် အခြားသီးနှံပေါင်းများစွာကို နိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး နိုင်ငံအတွင်း ထုတ်လုပ်မှုမှ ဆန်နှင့်ပဲကို ပြည်တွင်းစားသုံးမှုအတွက် လုံလောက်ရုံသာမက ပိုလျှံသောထုတ်ကုန်များကို ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သည်ကို တွေ့ရှိရပါသည်။ သို့သော် စားသုံးဆီကို လုံလောက်အောင် ထုတ်လုပ်နိုင်ခြင်းမရှိသေးဘဲ ပြည်ပမှတင်သွင်းနေရသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဒေသတွင်း စားသုံးဆီဖူလုံရေး ကို အလေးထား၍ ဆောင်ရွက်ရန်လိုအပ်ပြီး ယခုအခါ နိုင်ငံတော်အစိုးရက စားသုံးဆီဖူလုံပိုလျှံစေရေးအတွက် အလေးအနက်ထားဆောင်ရွက်နေသည်ကို လည်း တွေ့မြင်နိုင်ပါသည်။**

နေသူရဇော်

မြန်မာနိုင်ငံ၏ စားသုံးဆီကို မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းနှင့် ဆီမုန်ညင်းတို့မှ အဓိက စိုက်ပျိုးထုတ်လုပ်နေကြသည်။ စုစုပေါင်းစိုက်ဧက၏ ၁၆ ရာခိုင်နှုန်း(၈ သန်း)ကျော်ကို ဆီထွက်သီးနှံများ နှစ်စဉ်စိုက်ပျိုးထုတ်လုပ်သဖြင့် နိုင်ငံတွင်းစားသုံးမှုအရ ယေဘုယျအားဖြင့် ဆီဖူလုံမှုရှိသည်ဟု ဆိုနိုင်သော်လည်း ဆီထွက်သီးနှံ လုံးဆန်များအတိုင်း ပြည်ပသို့ တင်ပို့ခြင်း၊ အခြားတန်ဖိုးမြှင့်ထုတ်ကုန်များ ပြုလုပ်ရောင်းချခြင်းတို့ကြောင့် လုံလောက်မှုမရှိတော့ဘဲ စားသုံးဆီကို နိုင်ငံခြားတိုင်းပြည်များမှ နှစ်စဉ် တင်သွင်းနေရခြင်းဖြစ်ပါသည်။



ဒေသတွင်း ဆီဖူလုံမှုရှိစေရေးအတွက် ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးရေးနှင့် စိုက်ပျိုးသော သီးနှံများ၏ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးသည် အလွန်အရေးကြီးလှပါသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း မြေပဲဧက ၃ ဒသမ ၁၆၄ သန်း၊ နှမ်းဧက ၃ ဒသမ ၇၅၆ သန်း၊ နေကြာဧက ၁ ဒသမ ၀၇၂ သန်း၊ ပန်းနှမ်း ၂၉၈၈၃၉ ဧက၊ ဆီမုန်ညင်း ၉၂၇၄၇ဧက ဖြင့် စုစုပေါင်း ဆီထွက်သီးနှံဧက ၈ ဒသမ ၃၈၆ စိုက်ပျိုးနိုင်ခဲ့ပြီး ၈ ဒသမ ၂၈၄ ဧက ရိတ်သိမ်းနိုင်ခဲ့ပါသည်။ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော ဆီထွက်သီးနှံများထဲမှ သမပိုင်းဒေသများတွင်သာမက အပူပိုင်းနှင့် အအေးပိုင်းဒေသများတွင်ပါ စိုက်ပျိုးနိုင်ပြီး ဆီထွက်နှုန်းကောင်းသည့် ပန်းနှမ်းသီးနှံသည် စိုက်ပျိုးထုတ်လုပ်ရန် သင့်လျော်သော ရွေးချယ်စရာ တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပန်းနှမ်းကို ရှမ်းပြည်နယ်တွင် နှစ်စဉ် ဧကနှစ်သိန်းနီးပါးဖြင့် အများဆုံးစိုက်ပျိုးပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧက ခုနစ်သောင်းကျော်အပြင် မန္တလေးတိုင်းဒေသကြီးအပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း စိုက်ပျိုးကြပါသည်။

*** မြန်မာနိုင်ငံတွင် ပန်းနှမ်းကို ရှမ်းပြည်နယ်တွင် နှစ်စဉ် ဧကနှစ်သိန်းနီးပါးဖြင့် အများဆုံးစိုက်ပျိုးပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧကခုနစ်သောင်းကျော် အပြင် မန္တလေးတိုင်းဒေသကြီးအပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ် များတွင်လည်း စိုက်ပျိုး**

*** ပန်းနှမ်းသီးနှံသည် အပူဒဏ်ကို ခံနိုင်ရည်ရှိသကဲ့သို့ အစိုဓာတ်များလွန်းသည့် အခြေအနေတွင်လည်း အခြားဆီထွက်သီးနှံများထက် ပိုမိုခံနိုင်ရည်ရှိသဖြင့် ရာသီဥတုကြောင့် အထွက်နှုန်းကို များစွာထိခိုက်ခြင်းမရှိသည့် သီးနှံဟု ဆိုနိုင် ပါသည်။ တစ်ဧကလျှင် (၈-၁၀) တင်းခန့် ထွက်ရှိနိုင်ပါသည်။ အစေ့တစ်တင်း မှ ဆီ ၅ ဒသမ ၅ ပိဿာ (အစေ့အလေးချိန်၏ ၃၇-၄၃ ရာခိုင်နှုန်းအထိ) ရရှိနိုင်ပြီး တစ်ဧကလျှင် ဆီ (၄၄-၅၅) ပိဿာအထိ ထွက်ရှိနိုင်**

## ပန်းနှမ်းပင်၏ သဘောသဘာဝ

ပန်းနှမ်းပင် (သိပ္ပံနာမည် Guizotia abyssinica) သည် ဆီထွက်သီးနှံတစ်မျိုးဖြစ်ပြီး အိန္ဒိယ၊ အီသီယိုးပီးယားနှင့် အရှေ့တောင်အာရှ၏ အချို့ဒေသများတွင် အဓိကစိုက်ပျိုး ထုတ်လုပ်လျက်ရှိပါသည်။ တစ်ရာသီပင်အမျိုးအစားဖြစ်ပြီး မျိုးကွဲအလိုက် သက်တမ်း ၉၀ - ၁၅၀ ရက်အထိ ရှိပါသည်။ ရေသောက်မြစ်ပါရှိ၍ ရေငတ်ဒဏ်ခံနိုင်ကာ အပင်အမြင့် သုံးပေခန့်အထိ ကြီးထွားနိုင်ပြီး တစ်ပင်တွင် ပန်းပွင့် ၃၀-၄၀ အထိ ပွင့်တတ်ပါသည်။

ပန်းနှမ်းပင်သည် မြေချဉ်ငန်ဓာတ်pH (၅.၅ - ၆.၅) အတွင်းရှိ မြေအမျိုးအစားမရွေး ကောင်းမွန်စွာ ပေါက်ရောက်ဖြစ်ထွန်းနိုင်ပြီး မြေစေးပါသော နုန်းမြေနှင့် သဲရောမြေစေးများကို ပို၍နှစ်သက်သော သီးနှံပင်ဖြစ်ပါသည်။ သီးနှံပင်၏ သဘာဝအရ ရေကြမ်း၊ မြေကြမ်းကို ခံနိုင်ရည်ရှိသဖြင့် မြန်မာနိုင်ငံ အနှံ့အပြားတွင် စိုက်ပျိုးနိုင်သော သီးနှံဖြစ်ပါသည်။



ပန်းနှမ်းကို သီးသန့်စိုက်ခင်းဖြင့် စိုက်ပျိုးနိုင်သကဲ့သို့ မိုးသီးနှံများ ရိတ်သိမ်းပြီးချိန်တွင် သီးထပ်အနေဖြင့်လည်း စိုက်ပျိုးနိုင်ပါသည်။ နေ့တာတို (အလင်းရောင်များစွာမလိုသော) သီးနှံဖြစ်သည့်အတွက် ဥယျာဉ်ခြံများ၊ ရော်ဘာကဲ့သို့ နှစ်ရှည်ပင်များအကြားတွင် ကြားသီးနှံ (သီးညှပ်) အဖြစ်လည်း စိုက်ပျိုးနိုင်ပါသည်။ ထိုသို့စိုက်ခြင်းဖြင့် အဆိုပါ နှစ်ရှည်စိုက်ခင်းများတွင် ပေါင်းမြက်ပြဿနာကို ဖြေရှင်းပြီးဖြစ်သကဲ့သို့ အပိုဝင်ငွေရရှိနိုင်ကာ ဆီဖူလုံမှုကို အထောက်အကူပြုနိုင်ပါသည်။

## စိုက်ပျိုးနည်းစနစ်များ

၁။ မျိုးစေ့သေးငယ်သဖြင့် ထယ်ရေး/ထွန်ရေး ညက်ညက်ရအောင် ဆောင်ရွက်၍ စိုက်ခင်းမြေမျက်နှာပြင်ညီညာအောင် ညှိပေးပါ။

၂။ စိုက်ပျိုးချိန်မှာ တောင်တန်းဒေသများတွင် ဩဂုတ်လလယ်မှ စက်တင်ဘာလကုန်အထိ၊ အထက်မြန်မာပြည် အပူပိုင်းဒေသတွင် စက်တင်ဘာလလယ်မှ အောက်တိုဘာလလယ်အထိ၊ အောက်မြန်မာပြည်တွင် နိုဝင်ဘာလနှင့် အစိုဓာတ်ရှိပါက ဒီဇင်ဘာလ ဒုတိယပတ်အထိ စိုက်ပျိုးနိုင်ပါသည်။ စိုက်ပျိုးချိန်တွင် အစိုဓာတ်အပြည့်အဝရှိမှသာ အပင်ပေါက် ကောင်းပါသည်။

၃။ စိုက်ခင်းမြေ တစ်ဧကလျှင် နွားချေးသို့မဟုတ် သဘာဝမြေဆွေးကို လှည်း (၄-၆) စီးခန့်၊ ယူရီးယား ၅၆ ပေါင်၊ တီစူပါ ၅၆ ပေါင်နှုန်း ထည့်ပေးပါ။

၄။ တစ်ဧကလျှင် မျိုးစေ့နှုန်း နှစ်ပြည်ခန့် အသုံးပြုပါ။ သီးညှပ်စိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် မျိုးစေ့ တစ်ပြည်နှုန်းနှင့် အပင်ပေါက် ရာခိုင်နှုန်း ၈၀ အထက်ရှိသော မျိုးစေ့များကို အသုံးပြုပါ။

၅။ ကြဲပက်စိုက်ပျိုးခြင်းအစား အတန်းစိုက် စိုက်ပျိုးသင့်ပါသည်။ တန်းကြား (၁၄-၁၈) လက်မနှင့် ပင်ကြား(၄-၆)လက်မ စိုက်ပျိုးပါ။ မျိုးစေ့များ မြေလွှာတွင်း တစ်လက်မထက် ပို၍ နက်မည်ဆိုပါက အပင်ပေါက်နှုန်း ကျဆင်းနိုင်ပါသည်။

၆။ မျိုးစေ့သေးငယ်သဖြင့် မျိုးစေ့ကျမှု ညီညာစေရန် သဲ(သို့)ပြာနှင့် ရောနှော၍ အစေ့ချပါ။ မျိုးစေ့နှင့် ဓာတ်မြေဩဇာများကို ရောနှော၍ ကြဲပက်ခြင်း မပြုရပါ။

၇။ စိုက်ခင်းမြေ၏ အစိုဓာတ်နှင့် အပူချိန်အပေါ် မူတည်၍ မျိုးစေ့ချပြီး(၂-၃)ရက်အကြာ၌ အပင်ငယ်များ ပေါက်လာပြီး ရက် ၂၀ သားအတွင်း တစ်ပင်နှင့်တစ်ပင် အကွာအဝေး (၄-၆)လက်မ ထား၍ သားခွဲခြင်း၊ အပင်မှုန်းခြင်းများ ဆောင်ရွက်ပါ။

၈။ အပင်ပေါက် ကောင်းမွန်ပြည့်စုံပါက စိုက်ခင်းအတွင်း ပေါင်းမြက်များ ပေါက်ရောက်နိုင်မှုနည်းသဖြင့် အပင်သက်တမ်းတစ်လျှောက် နှစ်ကြိမ်ခန့် ပေါင်းရှင်းပေးလျှင် လုံလောက်ပါသည်။ ပေါင်းမြက်ရှင်းလင်းခြင်းကို အပင်အမြင့် လေးလက်မခန့်ရှိချိန်တွင် တစ်ကြိမ်နှင့် အရွက်များ၊ အကိုင်းများ တစ်ပင်နှင့်တစ်ပင် ယှက်နွယ်ထိစပ်ခြင်းမပြုမီ (အဖူးမထွက်မီ) တစ်ကြိမ် ပြုလုပ်ပါ။

၉။ ပန်းနှမ်းတွင် ပိုးမွှားရောဂါများ ကျရောက်ဖျက်စီးမှု နည်းပါးပါသည်။

၁၀။ ပန်းနှမ်းပင်၏ အရွက်များဝါ၍ ခြောက်သွေ့ပြီး အစေ့များ ရင့်မှည့်လာချိန်တွင် ရိတ်သိမ်းပါ။ ပန်းနှမ်းပင်များအား တံစဉ်ဖြင့် ရိတ်သိမ်းပြီး စိုက်ခင်းထဲတွင် (၂-၃ )ရက်ကြာ နေလှန်းပြီး တလင်းသို့ သယ်ယူနင်းနယ် ခြွေလှေ့ကာ ပန်းနှမ်းစေ့များကို ခြောက်သွေ့အောင်နေလှန်း၍ အိတ်ဖြင့် စနစ်တကျ သိုလှောင်ပါ။

ပန်းနှမ်းသီးနှံသည် အပူဒဏ်ကို ခံနိုင်ရည်ရှိသကဲ့သို့ အစိုဓာတ်များလွန်းသည့်အခြေအနေတွင်လည်း အခြားဆီထွက်သီးနှံများထက် ပိုမိုခံနိုင်ရည်ရှိသဖြင့် ရာသီဥတုကြောင့် အထွက်နှုန်းကို များစွာထိခိုက်ခြင်း မရှိသည့် သီးနှံဟု ဆိုနိုင်ပါသည်။ တစ်ဧကလျှင် (၈-၁၀) တင်းခန့် ထွက်ရှိနိုင်ပါသည်။ အစေ့တစ်တင်းမှ ဆီ ၅ ဒသမ ၅ ပိဿာ (အစေ့အလေးချိန်၏ ၃၇-၄၃ ရာခိုင်နှုန်းအထိ) ရရှိနိုင်ပြီး တစ်ဧကလျှင် ဆီ (၄၄-၅၅) ပိဿာအထိ ထွက်ရှိနိုင်ပါသည်။ ပန်းနှမ်းဆီကြိတ်ဖတ်များကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ပါသည်။

ပြောင်းလဲလာသော ရာသီဥတုအခြေအနေအရ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး မြေအမျိုးအစားမရွေး သီးသန့်၊ သီးထပ်၊ သီးညှပ်အဖြစ် စိုက်ပျိုးနိုင်သည့် ပန်းနှမ်းသီးနှံသည် ဒေသတွင်း စားသုံးဆီဖူလုံရေးကို အထောက်အကူ ပြုနိုင်သည်သာမက ကုန်ကျစရိတ်သက်သာပြီး ဝင်ငွေရလွယ်သော သီးနှံတစ်ခု ဖြစ်သည့်အတွက် ပိုမိုစိုက်ပျိုးထုတ်လုပ်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ပိဋကသုံးပုံစာအုပ်များ သွားရောက်လှူဒါန်း

**စစ်တွေ ဇွန် ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်အကြီးအကဲက လှူဒါန်းသည့် ဆဋ္ဌသံဂါယနာမူ ပိဋကသုံးပုံ ပါဠိတော်ကျမ်းစာအုပ်များကို ရခိုင်ပြည်နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက်များသို့ လှူဒါန်းလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အစိုးရအဖွဲ့ဝင်များက စစ်တွေမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ သွားရောက်လှူဒါန်းသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး စာသင်တိုက်ပဓာနနာယက၊ ပြည်နယ်ဩဝါဒါစရိယ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒသိရီ မဟာထေရ်မြတ်အား ဖူးမြော်ကာ ပိဋကသုံးပုံပါဠိတော်ကျမ်းစာအုပ်များနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ ဆရာတော်ကြီးထံမှ ဩဝါဒခံယူကြသည်။

ထို့နောက်စစ်တွေမြို့ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယထံ ပိဋကသုံးပုံပါဠိတော်ကျမ်းစာအုပ်များနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဆရာတော်ထံမှ ပိဋကသုံးပုံ ပါဠိတော်ကျမ်းစာအုပ်များ လှူဒါန်းရခြင်း၏ အကျိုးတရားများကို နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြသည်။



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်အကြီးအကဲကလှူဒါန်းသော ဆဋ္ဌသံဂါယနာမူ ပိဋကသုံးပုံပါဠိတော်ကျမ်းစာအုပ်များ (မြန်မာ၊ ရိုမန်) အက္ခရာ နှစ်မျိုးဖြင့်ပြုစုထားရာ အဆိုပါ ကျမ်းစာအုပ်များကို ရခိုင်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ ပရိယတ္တိစာသင်တိုက် ၁၉ တိုက်သို့ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ကရင်ပြည်နယ် ဘားအံမြို့သို့ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

**နေပြည်တော် ဇွန် ၉**

ကျန်းမာရေး ဝန်ကြီးဌာနသည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေး စောင့်ရှောက်မှုကို မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်သူများ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုကို လက်လှမ်းမီ ရရှိစေခြင်းဖြင့် ရောဂါကင်းဝေး၍ သက်တမ်းစေ့ နေထိုင်နိုင်စေရေး သက်ဆိုင်ရာ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံကာ လိုအပ်သောကုသမှုများ ရရှိနိုင်စေရန် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေး အဖွဲ့များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကွင်းဆင်းကုသမှု အစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။



ဦးနှောက်တွင်း သွေးခဲဖယ်ထုတ်သည့် ခွဲစိတ်ကုသမှု (Burrhole Surgery) ဆောင်ရွက်စဉ်။

ရန်ကုန် ပြည်သူ့ဆေးရုံကြီး၊ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)-ရန်ကုန်နှင့် ကလေးဆေးရုံကြီး-ရန်ကုန်တို့မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေး အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ဇွန် ၈ ရက်နှင့် ၉ရက်တို့တွင် ကရင်ပြည်နယ် ဘားအံမြို့သို့ သွားရောက်၍ ပြည်သူ့ဆေးရုံကြီး (ဘားအံမြို့)မှ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ အထူးကုဆေးကုသရေး အစီအစဉ်တွင် ဘားအံမြို့သာမက ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်နှင့် မွန်ပြည်နယ်ရှိ မြို့နယ်နှစ်မြို့နယ်တို့မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ လာရောက်ပြသပြီး နှလုံးရောဂါဆိုင်ရာလူနာ ၁၁၁ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ လူနာ ၁၃၁ ဦး၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာ လူနာ ၄၆ ဦး၊ ကင်ဆာ ဆေးကုသမှုဆိုင်ရာလူနာ ၁၂ ဦး၊ ကလေးအာရုံကြောဆေးကုသမှုဆိုင်ရာ လူနာ ၃၅ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာ လူနာ ၁၇၇ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ လူနာ ၁၀ ဦး၊ အထွေထွေရောဂါ ဆေးပညာ လူနာ ၅၆၁ ဦး၊ မျက်စိရောဂါလူနာ ၄၁၃ဦး စုစုပေါင်း လူနာ၁၄၉၆ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့သည်။

အဆိုပါ လူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း(Echocardiography)၇၈ ဦး၊ အစာအိမ်မှန်ပြောင်း ကြည့်ရှုခြင်း (OGDS) သုံးဦး၊ အူမကြီးမှန်ပြောင်း ကြည့်ရှုခြင်း (Colonoscope) သုံးဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (CT scan) ၂၂ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၃၃ ဦး၊ ဓာတ်ခွဲစမ်းသပ်သူ ၂၈၉ ဦး၊ သွေးချိုဓာတ် (HbA1C) တိုင်းတာခြင်း ၄၆ ဦး၊ Ultrasound ရိုက်ကူးခြင်း ၆၈ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း(ECG)၂၃၆ဦး စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ပြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ် ကုသမှုဆိုင်ရာ လူနာနှစ်ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှ အထူးကုသမှုဆိုင်ရာ (Super Specialty) ပါမောက္ခ၊ အထူးကု ဆရာဝန်ကြီးများ၏ အထူးကုကွင်းဆင်းကုသရေး ခရီးစဉ်များကို ၂၀၂၄ ခုနှစ် နှစ်ဆန်းမှ စတင်၍ ဆောင်ရွက်လျက်ရှိရာ တောင်ကြီးမြို့၊ ပြည်မြို့၊ သံတွဲမြို့၊ ပုသိမ်မြို့၊ မော်လမြိုင်မြို့၊ မကွေးမြို့၊ မြိတ်မြို့၊ ညောင်ဦးမြို့၊ မြစ်ကြီးနားမြို့၊ ဟသ်ာတမြို့၊ ထားဝယ်မြို့၊ ကျိုင်းတုံမြို့နှင့် ယခု ဘားအံမြို့များသို့ သွားရောက်ပြီး ကော့သောင်းမြို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၅၃၆၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် ဇွန် ၁၀ ရက်မှ ဇွန် ၁၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၃၆၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်ကော်မြို့ လယ်တဲ့ကျေးရွာ၊ ကုန်းသာကျေးရွာ၊ ထီရိကျေးရွာနှင့် ကယန်းသာယာကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၉**

ကယားပြည်နယ် လှိုင်ကော်မြို့ လယ်တဲ့ကျေးရွာ၊ ကုန်းသာကျေးရွာ၊ ထီရိကျေးရွာနှင့် ကယန်းသာယာကျေးရွာများရှိ ဒေသခံပြည်သူများကို ဇွန် ၈ ရက် နံနက်ပိုင်းက အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၁၃၅ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို လှိုင်ကော်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✳ *ကျောဖုံးမှ*

အပါအဝင် ဘာတစ္စတီ၊ ဘိုင်အန်ကာ အန်ဒရက်စ်ကူ၊ အက်ဗန်နက်စယန်၊ အန်ဒရီဗာစသည့် တင်းနစ်မယ်များက အနိုင်ယူ ကျော်ဖြတ် နိုင်ခဲ့သော်လည်း ဗိုလ်လုပွဲတွင် ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆွီယာတက်ခ်ကို ကျော်ဖြတ်ခြင်း မရှိသည့်အတွက် ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့ရသည်။

ဆွီယာတက်ခ်သည် ပါအိုလီနီကို နှစ်ပွဲပြတ်အနိုင်ရရှိရန် အချိန် ၆၈ မိနစ်သာ ကြာမြင့်ခဲ့ကြောင်း သိရသည်။ အသက် ၂၃ နှစ်အရွယ် ဆွီယာတက်ခ်သည် ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် ၂၁ ပွဲဆက် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားပြီး အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် လေးဦးမြောက် နိုင်ပွဲဆက်မှု အကြာဆုံး တင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

၎င်းသည် ပြင်သစ်အိုးပင်း ပြိုင်ပွဲတွင် ၂၀၂၁ ခုနှစ်နောက်ပိုင်း ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသေးပေ။ ခရစ္စအဲဗက်သ် (ခုနစ်ကြိမ်)၊ စတက်ဖီဂရက်ဖ် (ခြောက်ကြိမ်)၊ ဂျက်စတင်းဟီနင် (လေးကြိမ်) တို့သာလျှင်ပြင်သစ်အိုးပင်းဖလားကို ဆွီယာတက်ခ်ထက် အကြိမ်ရေအများဆုံး ဆွတ်ခူးထားသည်။

**အောင်ဇော်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီးဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့်လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Abhay Thakur အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၉

**မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H. E. Mr. Abhay Thakur အား ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)**

တွေ့ဆုံစဉ် မွန်ပြည်နယ်အတွင်း ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး၊ အိန္ဒိယနိုင်ငံသို့ ကွမ်းသီး ပိုမိုတင်ပို့နိုင်ရေး၊ ရေရှားပါးသည့် ရပ်ကွက် ကျေးရွာများတွင် ရေရရှိရေး၊ အစွန်အဖျားကျသည့် ကျေးရွာများတွင် ဆိုလာစနစ်ဖြင့် မီးရရှိရေး၊ ပြည်နယ်၏ ရက်ကန်းလုပ်ငန်းများအတွက် နည်းပညာများ ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်နယ်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများ နည်းပညာနှင့် အကူအညီရရှိရေး၊ ပြည်နယ်အတွင်းမှထွက်ရှိသည့် ဆားလုပ်ငန်းနှင့် ရော်ဘာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်း ပိုမိုရရှိရေးအပါအဝင် အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်သွားမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သက်နိုင်(မော်လမြိုင်)

## မြစ်သားမြို့ ပန်းလောင်မြစ်အတွင်း ငါးသားပေါက်ကောင်ရေ သုံးသိန်း မျိုးစိုက်ထည့်ပေး

**မန္တလေး ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် နွားကူးကြီးကျေးရွာအနီး ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇွန် ၆ ရက်က နွားကူးကြီးကျေးရွာအနီး ပန်းလောင်မြစ်အနီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ဝန်ထမ်းများက နှစ်လက်မအရွယ် ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ နှစ်သိန်း၊ ငါးခုံးမကြီးကောင်ရေ တစ်သိန်း စုစုပေါင်း ငါးကောင်ရေ သုံးသိန်းကို ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ညောင်ရွှေမြို့နယ် မိုးစပါးစံပြကွက်များအတွက် မျိုးစေ့၊ ဓာတ်မြေဩဇာများထောက်ပံ့

**ညောင်ရွှေ ဇွန် ၉**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ဇွန် ၉ ရက်က ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ကျော့မောင်ငယ်ကျေးရွာရှိ ရှင်းလင်းဆောင်၌ စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစံပြကွက်များအတွက် မျိုးစေ့၊ ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲ တက်ရောက်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က တောင်သူများကို စပါးအထွက်နှုန်း ရရှိနိုင်အောင် စိုက်ပျိုးပေးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ပို့ချသင်ကြားပေးသော နည်းစနစ်အတိုင်း စိုက်ပျိုးနိုင်ရန် ကြိုးစားပေးစေလိုကြောင်း၊ တောင်သူများအနေဖြင့် စပါးအထွက်နှုန်းတိုးပါက အကျိုးအမြတ်များ ခံစားရမည်ဖြစ်ကြောင်း၊ ယခုလာရောက်ထောက်ပံ့ရခြင်းမှာ တောင်သူများ၏ လိုအပ်ချက်၊ တင်ပြချက်များ သိရှိနိုင်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက တောင်သူများကို မျိုးစပါး၊ ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။ (ယာပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့ ဖောင်တော်ဆိုက်တွင် ငါးမြစ်ချင်း တစ်သိန်းခွဲ၊ ငါးခုံးမကြီး တစ်သိန်းခွဲ၊ ရွှေဝါငါးကြင်း တစ်သိန်း စုစုပေါင်း ကောင်ရေ လေးသိန်း ငါးမျိုးစိုက်ထည့်ပေးကြသည်။

ငင်းနောက် ညောင်ရွှေမြို့နယ် အ.ထ.က အင်းပေါခုံ (RCC) သုံးထပ် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖွင့်ပွဲကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ရာ (RCC) သုံးထပ်ဆောင်သစ်ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်ဝန်ကြီးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်



ဦးအောင်အောင်က ယခုလွှဲပြောင်းပေးအပ်သော RCC သုံးထပ် ကျောင်းဆောင်ကို ကျပ်သန်းပေါင်း ၅၂၃ ဒသမ ၈၇ သန်းဖြင့် ဆောက်လုပ်ခဲ့ပြီး အခြေခံပညာ အထက်တန်းကျောင်း၊ အင်းပေါခုံ ကျောင်းသည် လွန်ခဲ့သော ၁၉၄၅-၁၉၄၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကာ ၁၉၅၁ ခုနှစ်တွင် အစိုးရ အထက်တန်းကျောင်း အဖြစ် အင်းပေါခုံ ရွှေဟသာ (ဇရပ်)သို့ ပြောင်းခဲ့ပါကြောင်း၊ ၁၉၆၄-၁၉၆၅ အထက်တန်းကျောင်း အဖြစ် ယခုလက်ရှိနေရာတွင် ဖွင့်လှစ်ခဲ့ပြီး ကျောင်းအကျယ်အဝန်းမှာ ၂၈ ဒသမ ၉ ဧကရှိကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၀၀ ခန့် ပညာသင်ကြားလျက်ရှိပြီး ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၅ ဘာသာ၊ ၄ ဘာသာ၊ ၃ ဘာသာ၊ ၂ ဘာသာ၊ ၁ ဘာသာ၊ ဂုဏ်ရှင်များကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ညောင်ရွှေမြို့နယ်၏ ဂုဏ်ထူးဆောင် ကျောင်းတစ်ကျောင်းလည်းဖြစ်ကြောင်း ပြောကြားသည်။

မောင်မောင်သန်း (တောင်ကြီး)

# ကိုလံဘီယာက အစ္စရေးသို့ ကျောက်မီးသွေးတင်ပို့မှု ရပ်ဆိုင်းမည်

**ဘိုဂိုတာ ဇွန် ၉**

ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်ရေးလှုပ်ရှားမှုများကြောင့် အစ္စရေးနိုင်ငံသို့ ကျောက်မီးသွေးတင်ပို့မှု ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ကိုလံဘီယာနိုင်ငံက ထုတ်ပြန်ကြေညာလိုက်သည်။

အစ္စရေးက ဂါဇာကမ်းမြောင်တွင် အရပ်သားများအား တိုက်ခိုက်မှု မရပ်မချင်း ကျောက်မီးသွေးတင်ပို့မှုများကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း သမ္မတ ဂူစတာဗိုပက်ထရိုက စနေနေ့တွင် ဆိုရှယ်မီဒီယာ၌ ပြောသည်။ ကိုလံဘီယာနိုင်ငံသည် အစ္စရေးနိုင်ငံသို့ ကျောက်မီးသွေး အဓိကတင်ပို့သော နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဇန်နဝါရီလနှင့် ဩဂုတ်လအကြား အစ္စရေးနိုင်ငံသို့ ကိုလံဘီယာနိုင်ငံ၏ တင်ပို့မှု ၉၀ ရာခိုင်နှုန်းမှာ ကျောက်မီးသွေးဖြစ်ကြောင်း ကိုလံဘီယာအစိုးရက ပြောသည်။ ကိုလံဘီယာနိုင်ငံသည် လက်ဝဲဝါဒီ ပျောက်ကျားအဖွဲ့ပါဝင်သော ပြည်တွင်းပဋိပက္ခမှာ ရာစုနှစ်ဝက်ကျော် ကြာမြင့်ခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံက စစ်ဘက်ရေးရာအကူအညီများ ပံ့ပိုးပေးခဲ့ပြီး နှစ်နိုင်ငံအကြား နီးကပ်သည့် ဆက်ဆံရေးကို ထူထောင်ခဲ့သည်။ ပက်ထရိုသည် ၂၀၂၂ ခုနှစ်တွင် ကိုလံဘီယာနိုင်ငံ၏ ပထမဆုံး လက်ဝဲဝါဒီသမ္မတ ဖြစ်လာခဲ့သည်။ ၎င်းသည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုအစိုးရကို ထပ်ဖန်တလဲလဲ ပြစ်တင်ဝေဖန်ခဲ့သည်။

ထို့ပြင် ကိုလံဘီယာနိုင်ငံသည် အစ္စရေးနှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်မည်ဟု ၎င်းက ပြီးခဲ့သည့်လတွင် ထုတ်ပြန်ကြေညာခဲ့သည်။ အခြားလက်တင်အမေရိကနိုင်ငံများရှိ လက်ဝဲဝါဒီ




အစိုးရများသည် အစ္စရေးနှင့် ၎င်းတို့၏ ဆက်ဆံရေးကို ပြန်လည်သုံးသပ်ခဲ့ကြကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်တွင် ဘိုလီးဗီးယားနိုင်ငံက အစ္စရေးနှင့် သံတမန်ဆက်ဆံရေးဖြတ်တောက်ခဲ့ပြီး ချီလီနိုင်ငံကလည်း ၎င်းတို့၏ သံအမတ်များကို ပြန်လည်ခေါ်ယူခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တန်ဇန်းနီးယားနိုင်ငံသို့ရောက်ရှိနေသည့် ဘူရွန်ဒီဒုက္ခသည် တစ်သန်းကျော် နေရပ်ပြန်

**ဒါအက်စ်ဆလမ် ဇွန် ၉**

တန်ဇန်းနီးယားနိုင်ငံ အနောက်ပိုင်း ဒုက္ခသည်စခန်းများတွင် ခိုလှုံနေထိုင်နေသည့် ဘူရွန်ဒီ ဒုက္ခသည် တစ်သန်းကျော်မှာ ၂၀၁၇ ခုနှစ်မှစတင်ကာ ၎င်းတို့၏ သဘောဆန္ဒအလျောက် နေရပ်ပြန်သွားခဲ့ကြသည်ဟု ဘူရွန်ဒီ အရာရှိတစ်ဦးက ပြောသည်။



တန်ဇန်းနီးယားနိုင်ငံအတွင်းမှ ဘူရွန်ဒီ ဒုက္ခသည်စခန်းတစ်ခုကို တွေ့ရစဉ်။

ဘူရွန်ဒီ ဒုက္ခသည် တစ်သိန်းခန့်မှာ တန်ဇန်းနီးယားနိုင်ငံ အနောက်ပိုင်းရှိ နာဒူတာနှင့် နီယာရူဂူစု ဒုက္ခသည်စခန်းများတွင် ခိုလှုံနေထိုင်ဆဲဖြစ်သည်ဟု ဘူရွန်ဒီနိုင်ငံ ပြည်ထဲရေးနှင့် အသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန အတွင်းဝန် သီယိုဖီလီ နာဒါရူဖာတီရီက ပြောသည်။ နာဒါရူဖာတီရီသည် တန်ဇန်းနီးယား ပြည်ထဲရေးဝန်ကြီး ဟာမတ်မတ်ဆောနီနှင့် တွေ့ဆုံစဉ် ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၂၄ခုနှစ် ဒီဇင်ဘာ ၁ ရက်အထိ ကျန်ရှိနေသေးသည့် ဘူရွန်ဒီ ဒုက္ခသည်များကို နေရပ်ပြန်ပို့နိုင်ရေး နှစ်နိုင်ငံစလုံးမှ အရာရှိများက သဘောတူခဲ့သည်။ ဘူရွန်ဒီနိုင်ငံ၏ ငြိမ်းချမ်းရေးပြန်လည်ထိန်းသိမ်းမှုလုပ်ငန်းများအပေါ် တန်ဇန်းနီးယားနှင့်ဘူရွန်ဒီ နှစ်နိုင်ငံစလုံးမှ ခေါင်းဆောင်များက သဘောတူညီမှုရရှိပြီးနောက် ၂၀၁၇ခုနှစ်မှ စတင်ကာ ဒုက္ခသည်များ ပြန်လည်ပို့ဆောင်ရေး လုပ်ငန်းစဉ်ကို စတင်ခဲ့သည်။

**ဆင်ဟွာ**

# ဆယ်စုနှစ်အတွင်း ကယ်လီဖိုးနီးယားပြည်နယ်၌ တောမီးကြောင့် လူပေါင်း ၅၂၀၀၀ ကျော်သေဆုံးဟုဆို

**ဆာခရာမန်တို ဇွန် ၉**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၌ တောမီးလောင်မှုမှ ဖြစ်ပေါ်လာသော မီးခိုးငွေ့များကြောင့် ဆယ်စုနှစ်တစ်စုအတွင်း အရွယ်မတိုင်မီ သေဆုံးသူပေါင်း ၅၂၀၀၀ ကျော်ရှိကြောင်း လေ့လာတွေ့ရှိချက်အသစ်တစ်ခုက ဆိုသည်။

သောကြာနေ့တွင် Science Advances ဂျာနယ်တွင် ဖော်ပြထားသော လေ့လာတွေ့ရှိမှုက ၂၀၀၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တောမီးလောင်မှုမှ ဖြစ်ပေါ်လာသော လေထုညစ်ညမ်းမှုများကြောင့်သေဆုံးသူအရေအတွက်မှာ ၅၂၄၈၀ မှ ၅၅၇၃၀ အထိရှိကြောင်း ခန့်မှန်းထားသည်။ လော့စ်အိန်ဂျလိစ်ဒေသသည် လေ့လာမှုပြုလုပ်စဉ်ကာလအတွင်း မီးခိုးငွေ့များကြောင့် သေဆုံးသူအရေအတွက် ၉၂၂၄ ဦး ရှိသည့်အတွက် အပြင်းထန်ဆုံးခံရသည့် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းနောက်တွင် ဆာခရာမန်တိုဒေသက သေဆုံးသူ ၄၁၄၇ ဦးရှိသည့်အတွက် ဒုတိယမြောက် အပြင်းထန်ဆုံးခံရသည့် ဒေသဖြစ်ကြောင်း လော့စ်အိန်ဂျလိစ်မြို့တွင်ရှိသော ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသီများက ပြောသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံအလယ်ပိုင်း၌ ဝက်ဝံတိုက်ခိုက်ခံရသဖြင့် အမျိုးသမီးတစ်ဦး ပြင်းထန်စွာဒဏ်ရာရ

**တိုကျို ဇွန် ၉**

ဂျပန်နိုင်ငံအလယ်ပိုင်း နာဂါနိုပြည်နယ် တာကာယာမကျေးရွာ၌ ဇွန် ၈ ရက် နံနက် ၄ နာရီခွဲဝန်းကျင်က အသက် ၄၁ နှစ်အရွယ် အမျိုးသမီးတစ်ဦး ဝက်ဝံတိုက်ခိုက်ခံရသဖြင့် ပြင်းထန်စွာ ဒဏ်ရာရရှိကြောင်း သိရသည်။ ၎င်းမှာ သတင်းစာဝေနေစဉ် ဝက်ဝံက နောက်ဘက်မှ တိုက်ခိုက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဝက်ဝံက ၎င်း၏ ညာဘက်လက်ကောက်ဝက်ကို ကိုက်ခဲ့ပြီး နောက်ကျောကိုလည်း ကုတ်ဖဲ့ခဲ့သဖြင့် ဒဏ်ရာပြင်းထန်ခဲ့သောကြောင့် ဒဏ်ရာများ သက်သာစေရန် တစ်လခန့် ဆေးရုံတက်ရောက်ကုသရမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ အလားတူ သောကြာနေ့ ညနေပိုင်းကလည်း ကီဂျီမာဒါအိရကျေးရွာ၌ အမျိုးသားတစ်ဦးသည်လည်း ဝက်ဝံတစ်ကောင် တိုက်ခိုက်ခံရသဖြင့် အသေးစားဒဏ်ရာရရှိကြောင်း သိရသည်။

ဇွန် ၁ ရက်နှင့် ၂ ရက်ကလည်း အခြားလူနှစ်ဦးမှာ ဝက်ဝံတိုက်ခိုက်ခံရသဖြင့် ဒဏ်ရာရရှိကြောင်း သိရသည်။ ပြည်နယ်အစိုးရက ဝက်ဝံအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားပြီး နံနက်အစောပိုင်းနှင့် ညနေပိုင်းတို့တွင် ဝက်ဝံများ သွားလာလှုပ်ရှားနေသဖြင့် တောင်နံဘေးများ၏ အဝေးမှ နေထိုင်ရန် ပြည်သူများကို တိုက်တွန်းထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# ယီမင်ကမ်းရိုးတန်း၌ တိုက်ခိုက်ခံရမှုကြောင့် သင်္ဘောနှစ်စင်းပျက်စီး

**အေဒင် ဇွန် ၉**

ယီမင်ကမ်းရိုးတန်း၌ ဇွန် ၈ ရက်က သီးခြား တိုက်ခိုက်မှုနှစ်ခုကြောင့် ကုန်တင်သင်္ဘောနှစ်စင်း ပျက်စီးခဲ့ရသည်ဟု ဗြိတိန် ပင်လယ်ရေကြောင်း အေဂျင်စီက တင်ပြထားသည်။

အန်တီဂွါနှင့်ဘာဘူဒါနိုင်ငံ အလံတပ်ဆင်ထားသည့် ကုန်တင်သင်္ဘောမှာ အေဒင်မြို့ အရှေ့တောင်ဘက် ရေမိုင် ၈၃ မိုင်တွင် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရပြီး မီးလောင်ခဲ့သည်။ နောက်ပိုင်းတွင် မီးကို ငြိမ်းသတ်နိုင်ခဲ့သည်ဟု ဗြိတိန်လုံခြုံရေးကုမ္ပဏီဖြစ်သည့် အမ်ဘရီက ဇွန် ၉ ရက်တွင် ပြောသည်။ နောက်ထပ် ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်ခံရသော်လည်း သင်္ဘောကို ထိမှန်ခြင်းမရှိဟု အဆိုပါ လုံခြုံရေးကုမ္ပဏီက ပြောသည်။

အေဒင်မြို့အနောက်တောင်ဘက် ရေမိုင် ၇၀ အကွာတွင်လည်း နောက်ထပ် တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့သည်ဟု ဗြိတိန်ပင်လယ်ရေကြောင်း ကုန်သွယ်ရေးအဖွဲ့က ပြောသည်။ သင်္ဘော၏ အနောက်ဘက်ခြမ်းကို ဒုံးကျည်ထိမှန်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သော်လည်း လူထိခိုက်သေဆုံးမှုမရှိဟု ဗြိတိန်ပင်လယ်ရေကြောင်း ကုန်သွယ်ရေးအဖွဲ့က ပြောသည်။

အဆိုပါ တိုက်ခိုက်မှုများနှင့်ပတ်သက်၍ မည်သည့် အဖွဲ့၏ လက်ချက်ဖြစ်သည်ကို မသိရသေးချေ။ ယီမင်နိုင်ငံ ဒေသအများအပြားကို ထိန်းချုပ်ထားသည့် ဟူသီအုပ်စုသည် ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းတို့နှင့် တစ်သားတည်းရှိသည်ကို ဖော်ပြရန် ယီမင်နိုင်ငံကမ်းရိုးတန်းအနီး ချဉ်းကပ်လာသည့် သင်္ဘောများကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုပြုလုပ်လေ့ရှိသည်။

**ဆင်ဟွာ**

# အစ္စရေးက နူဆီရတ်ဒုက္ခသည်စခန်းကို တိုက်ခိုက်ရာမှ သေဆုံးသူ ၂၇၄ ဦးအထိ မြင့်တက်လာ

**ဂါဇာ ဇွန် ၉**

ဂါဇာကမ်းမြောင်အလယ်ပိုင်းရှိ နူဆီရတ်ဒုက္ခသည်စခန်းကို အစ္စရေးက ဇွန် ၈ ရက်တွင် ထိုးစစ်ဆင်တိုက်ခိုက်ရာမှ သေဆုံးသူ ၂၇၄ ဦးအထိ မြင့်တက်လာပြီး ထိခိုက်ဒဏ်ရာရရှိသူမှာလည်း ၆၉၈ ဦးအထိ ရှိလာကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက တနင်္ဂနွေနေ့တွင် ပြောသည်။ အဆိုပါ စစ်ဆင်ရေးအတွင်း အစ္စရေးတပ်ဖွဲ့သည် ဒုက္ခသည်စခန်းမှ ဓားစာခံလေးဦးကို ကယ်ထုတ်နိုင်ခဲ့ကြောင်းနှင့် ၎င်းတို့ လေးဦးစလုံးမှာ ပြီးခဲ့သည့် အောက်တိုဘာလတွင် ဟားမားစ်အဖွဲ့က အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားသော ဓားစာခံ ၂၅၀ ထဲမှ ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်အထိ အစ္စရေး၏ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း ၃၇၀၈၄ ဦး သေဆုံးပြီး အခြား ၈၄၄၉၄ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ပြောသည်။

**ဆင်ဟွာ**




၂၀၂၃-၂၀၂၄ ကလပ်အသင်းပြိုင်ပွဲတွေပြီးဆုံးသွားပေမယ့် ယူရို ၂၀၂၄ ဘောလုံးပြိုင်ပွဲကြီးကတော့ ဇွန် ၁၄ ရက်မှာ စတင်ယှဉ်ပြိုင်ကစားတော့မှာ ဖြစ်ပါတယ်။ ယခုနှစ်မှာ ကျင်းပမယ့် ယူရို ၂၀၂၄ ပြိုင်ပွဲကို ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမှာပါ။ ပြိုင်ပွဲကို လာမယ့် ဇွန် ၁၄ ရက်ကနေ ဇူလိုင် ၁၄ ရက်အထိ ဂျာမနီနိုင်ငံ မြို့ ၁၀ မြို့ရှိ အားကစားကွင်း ၁၀ ကွင်းမှာ စည်စည်ကားကား ကျင်းပသွားမှာလည်း ဖြစ်ပါတယ်။

# မကြာမီကျင်းပတော့မယ့် ယူရို ၂၀၂၄ နဲ့ ပြိုင်ပွဲဝင်အသင်းတွေရဲ့ နောက်တစ်ဆင့်တက်လှမ်းနိုင်ရေး လားရာ

■ မိုးဇက် - ရေးသားသည်

ယူရိုပြိုင်ပွဲဟာ ကမ္ဘာ့ဖလားပြိုင်ပွဲနည်းတူ လေးနှစ်မှ တစ်ကြိမ်ကျင်းပတဲ့ ပြိုင်ပွဲဖြစ်သလို ပရိသတ်စိတ်ဝင်စားမှု အမြင့်ဆုံး နိုင်ငံတကာအဆင့် ပြိုင်ပွဲကြီးလည်း ဖြစ်ပါတယ်။ ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲမှာဆိုရင် ကမ္ဘာတစ်ဝန်းက ကြည့်ရှုသူ ပရိသတ် သန်း ၆၀၀ ခန့် ရှိတယ်လို့ မှတ်တမ်းတွေမှာ ဖော်ပြထားပါတယ်။

**ယူရိုဖလား စပိန် နှစ်ကြိမ်ဆက်ဆွတ်ခူး**

ယူရိုပြိုင်ပွဲတစ်လျှောက် အအောင်မြင်ဆုံးအသင်းမှာ ဂျာမနီနဲ့ စပိန်အသင်းဖြစ်ပြီး ယူရိုဖလားကို သုံးကြိမ်စီ ဆွတ်ခူးရရှိထားပါတယ်။ ဒုတိယ အအောင်မြင်ဆုံးအသင်းမှာ အီတလီနဲ့ ပြင်သစ်အသင်း ဖြစ်ပြီး နှစ်ကြိမ်စီ ဆွတ်ခူးရရှိထားပါတယ်။ စပိန်အသင်းက ၂၀၀၈ ခုနှစ်နဲ့ ၂၀၁၂ ခုနှစ်တွေမှာ ယူရိုပါဖလားကို နှစ်ကြိမ်ဆက် ဆွတ်ခူးရရှိထားပါတယ်။ ဒါကြောင့် ယူရိုပြိုင်ပွဲတစ်လျှောက် လက်ရှိ အချိန်အထိ စပိန်တစ်သင်းတည်းသာ ယူရိုဖလားကို နှစ်ကြိမ်ဆက်ဆွတ်ခူးထားနိုင်တဲ့အသင်းအဖြစ် မှတ်တမ်းတင်ထားပါတယ်။

ဂျာမနီအသင်းက ယူရိုပြိုင်ပွဲကို ၁၉၇၂ ခုနှစ်က ပွဲထွက်ယှဉ်ပြိုင်ကစားခွင့်ရပြီးနောက် ၁၄ ကြိမ်နဲ့ အကြိမ်ရေ အများဆုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အသင်းလည်း ဖြစ်ပါတယ်။ အိမ်ရှင်ဖြစ်ခွင့်အတွက် ဂျာမနီနိုင်ငံက တူကီယဲနိုင်ငံနဲ့ ယှဉ်ပြိုင်ခဲ့ရပြီး မဲအပြတ်အသတ် အနိုင်ရရှိခဲ့တာကြောင့် ယူရို ၂၀၂၄ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့တာလည်း ဖြစ်ပါတယ်။

ယခုနှစ် ယူရို ၂၀၂၄ ပြိုင်ပွဲမှာ အသင်းပေါင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အုပ်စု ခြောက်အုပ်စုခွဲကာ ယှဉ်ပြိုင်သွားမှာလည်း ဖြစ်ပါတယ်။ အုပ်စုတွင်း ပထမရတဲ့အသင်းနဲ့ ဒုတိယရတဲ့အသင်းက ၁၆ သင်းအဆင့် တက်လှမ်းနိုင်မှာဖြစ်သလို ခြောက်အုပ်စုထဲမှ အကောင်းဆုံး တတိယရတဲ့ လေးသင်းလည်း ၁၆ သင်းအဆင့်ကို တက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

**ပထမဆုံးယှဉ်ပြိုင်ခွင့်**

ပါဝင်ယှဉ်ပြိုင်မယ့် ပြိုင်ပွဲဝင်အသင်းတွေအနက် ဂျော်ဂျီယာအသင်း တစ်သင်းတည်းသာ ယခုပြိုင်ပွဲကို ပထမဆုံးယှဉ်ပြိုင်ခွင့်ရတာ ဖြစ်ပါတယ်။

အီတလီအသင်းက လက်ရှိချန်ပီယံဖြစ်ပြီး ယူရို ၂၀၂၀ ပြိုင်ပွဲ ဗိုလ်လုပွဲမှာ နာမည်ကြီး အင်္ဂလန်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ယူထားတာပါ။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ယူရို ၂၀၂၀ ပြိုင်ပွဲကို ရွှေ့ဆိုင်းကာ ၂၀၂၁ ခုနှစ်မှာ ပြန်လည်ယှဉ်ပြိုင်ကစားစေခဲ့တာ ဖြစ်ပါတယ်။

အသင်းတစ်သင်းစီရဲ့ ကစားသမားအရေအတွက်ကို ကနဦးသတ်မှတ်ထားတဲ့ ၂၃ ဦးကနေ အများဆုံး ၂၆ ဦးအထိ တိုးမြှင့်ထားပါတယ်။ အသင်းတစ်သင်းမှာ အနည်းဆုံးကစားသမား ၂၃ ဦး သို့မဟုတ် ၂၆ ဦးပါစာရင်းကို ဇွန် ၇ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းရတာလည်း ဖြစ်ပါတယ်။

**အုပ်စု (က)** မှာ အိမ်ရှင်**ဂျာမနီ၊ စကော့တလန်၊ ဟန်ဂေရီ**နဲ့ **ဆွစ်ဇာလန်**တို့ ကျရောက်နေပါတယ်။ အဲ့ဒီအသင်းတွေအနက် ဂျာမနီအသင်းက အိမ်ရှင်အသင်းလည်းဖြစ်တဲ့အပြင် ကစားသမားတစ်ဦးချင်းစီရဲ့ စွမ်းဆောင်ရည်ပိုင်းကလည်း အခြားအသင်းတွေထက် သာလွန်မှုရှိတာကြောင့် နောက်တစ်ဆင့်ကို တက်လှမ်းသွားဖွယ်ရှိပါတယ်။

ဟန်ဂေရီအသင်းမှာ ဆဘော့ဆလိုင်း၊ ကာကက်ခ်တို့လို နာမည်ကြီး ကစားသမားကောင်းတွေရှိပြီး စကော့တလန်မှာလည်း မက်ဂင်၊ တွန်မီနေး၊ ဂီလ်မော၊ ဖောရက်စ်၊ ချီအဒမ်တို့ကို ကစားသမားကောင်းတွေရှိတယ်။ ဒါ့အပြင် ဆွစ်ဇာလန်အသင်းမှာလည်း ဆွန်မာ၊ ဖေဘီယန်ရှား၊ ရှာကွီရီ၊ ရှာကာ၊ အိုကာဖော်တို့လို ကစားသမားတွေ ရှိတာကြောင့် အမှားအယွင်းနည်းတဲ့ အသင်းသာ နောက်တစ်ဆင့်ကို တက်လှမ်းသွားဖွယ်ရှိတယ်။

**အုပ်စု (ခ)** မှာ **စပိန်၊ ခရိုအေးရှား၊ အီတလီနဲ့ အယ်ဘေးနီးယား**တို့ ကျရောက်နေပါတယ်။ လက်ရှိချန်ပီယံအပါအဝင် နာမည်ကြီးအသင်းတွေ တစ်အုပ်စုတည်းကျရောက်နေတာကြောင့် နောက်တစ်ဆင့်တက်လှမ်းနိုင်ရေးကို ယတိပြတ်ပြောဖို့ မလွယ်ကူတဲ့ အခြေအနေမှာ ရှိတယ်။ အယ်ဘေးနီးယားက ယူရိုပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတာကို အောင်မြင်မှုတစ်ခုလို့ ယူဆပြီး ချန်လှပ်ထားရင်တောင် စပိန်၊ ခရိုအေးရှားနဲ့ အီတလီတို့အတွက် နောက်တစ်ဆင့်တက်လှမ်းရေး အားပြိုင်မှုက လွယ်ကူတဲ့ အနေအထားမှာ ရှိမနေဘူး။

စပိန်အသင်းက ရာယာ၊ ကာဗာဂျယ်၊ ကူကူရယ်လာ၊ ရိုဒရီ၊ ဂျိုဆေလူ၊ မိုရာတာစတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတယ်ဆိုသော်ငြား




သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်တဲ့ ကစားသမားထက် အခွင့်အရေးကို ဖြုန်းတီးပစ်တဲ့ကစားသမားက ပိုများလေ့ရှိတယ်။ အဖွင့်ပွဲစဉ်ကလည်း နာမည်ကြီး ခရိုအေးရှားနဲ့ စတင်ကစားရမှာဆိုတော့ အခက်တွေ့ ဖွယ်ရှိတယ်။ ခရိုအေးရှားမှာ လူကာမိုဒရစ်၊ ကိုဗာဆစ်၊ ပါဆာလစ်၊ ပါရီဆစ်၊ ပက်ကိုဗစ်စသဖြင့် အရည်အသွေးမြင့် ထိပ်တန်းကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့်လည်း စပိန်အသင်း ပိုရုန်းကန်ရနိုင်တယ်။

ခရိုအေးရှားနဲ့ပွဲပြီးရင် လက်ရှိချန်ပီယံ အီတလီနဲ့ ယှဉ်ပြိုင်ရမှာပါ။ အီတလီမှာလည်း ဒွန်နာရမ်မာ၊ ဒါမီယန်၊ ဂျော်ဂျင်ဟို၊ စကမ်မက္ကာ၊ ချီယေဆာတို့လို ကစားသမားကောင်းတွေ ရှိတာကြောင့် စပိန်အတွက်တော့ ခက်ခက်ခဲခဲအခြေအနေတစ်ခုကို ထပ်ပြီးဖြတ်ကျော်ရမှာပါ။ ဒါ့အပြင် ခရိုအေးရှားနဲ့ အီတလီအသင်းတို့လည်း အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်တဲ့ အခွင့်အရေး ရှိနေပါတယ်။

**အုပ်စု (ဂ)** မှာ **စလိုဗေးနီးယား၊ ဒိန်းမတ်၊ ဆားဘီးယားနဲ့ အင်္ဂလန်**အသင်းတို့ ကျရောက်နေပါတယ်။ အင်္ဂလန်ကစားသမားစာရင်းမှာ မက်ဂွိုင်းယား၊ ဂရီးလစ်ချ်တို့ မပါသည့်တိုင် ဖလားဆွတ်ခူးနိုင်ခြေမြင့်မားတဲ့ အသင်းဖြစ်တာနဲ့အညီ အခြားအသင်းတွေထက်လည်း သာလွန်တဲ့အဆင့်တစ်ခုမှာရှိတာကြောင့် နောက်တစ်ဆင့်ကို တက်လှမ်းသွားနိုင်ဖွယ်ရှိတယ်။

ဒါ့အပြင် အင်္ဂလန်အသင်းက ဝေါ်ကာ၊ ထရစ်ပီယာ၊ ဘယ်လင်ဂမ်၊ မိုင်နူး၊ ကိန်း၊ တိုနေး၊ ပယ်လ်မာ၊ ဖိုဒင်၊ ဆာကာတို့လို အရည်အသွေးမြင့် ထိပ်တန်းကစားသမားတွေနဲ့ ပေါင်းစပ်ဖွဲ့စည်းထားတာကြောင့်လည်း အုပ်စုအဆင့်ကို အလွယ်တကူ ကျော်ဖြတ်နိုင်ဖွယ်ရှိနေတာ ဖြစ်ပါတယ်။

အင်္ဂလန်နဲ့အတူ နောက်တစ်ဆင့်တက်လှမ်းနိုင်ရေး ဒိန်းမတ်နဲ့ ဆားဘီးယား အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားရဖွယ်ရှိသော်ငြား စလိုဗေးနီးယားမှာလည်း ထိုက်သင့်တဲ့ လူစာရင်းနဲ့ ထိုက်သင့်တဲ့ ခြေစွမ်းရှိတာကြောင့် မေ့ထားလို့ မရဘူး။

ဆားဘီးယားအသင်းက ယူရိုပြိုင်ပွဲမှာ အင်္ဂလန်အသင်းထက်ပင် အောင်မြင်မှုပိုရရှိထားပြီး ၁၉၆၀ ပြည့်နှစ်နဲ့ ၁၉၆၈ ခုနှစ်တို့မှာ ဒုတိယနှစ်ကြိမ်ရထားဖူးတယ်။ အင်္ဂလန်က ၂၀၂၀ ပြည့်နှစ်မှသာ ဒုတိယတစ်ကြိမ်ရထားဖူးတာ ဖြစ်တယ်။

**အုပ်စု (ဃ)** မှာ **ပိုလန်၊ နယ်သာလန်၊ ဩစတြီးယားနဲ့ ပြင်သစ်**အသင်းတို့ ကျရောက်နေပါတယ်။ ဒီအုပ်စုမှာလည်း ကမ္ဘာ့ထိပ်တန်းအဆင့်အသင်းတွေ တစ်အုပ်စုတည်းကျရောက်နေတာကြောင့် နောက်တစ်ဆင့်တက်လှမ်းနိုင်ရေး အဖွင့်ပွဲစဉ်ကတည်းက အကြိတ်အနယ်ကစားရဖွယ်ရှိတယ်။

ဩစတြီးယားအသင်းကို မန်ယူနည်းပြဟောင်း ရန်းနက်စ် ကိုင်တွယ်နေတာဖြစ်ပြီး ဆန်ဆို၊ ဆာဘစ်ဇာ၊ အနာယူတိုဗစ်၊ ဝမ်မာတို့လို ကစားသမားကောင်းတွေရှိတာကြောင့် မေ့ထားလို့ မရဘူး။

**အုပ်စု (င)** မှာ **ဘယ်လ်ဂျီယံ၊ စလိုဗက်ကီးယား၊ ရိုမေးနီးယား**နဲ့ **ယူကရိန်း**တို့ ကျရောက်နေပါတယ်။ ဒီဘရိုင်း၊ တိုင်လီမန်းစ်၊ မန်ဂါလာ၊ လူကာကူ၊ ထရိုဆတ်၊ ဒိုကူရှိတဲ့ ဘယ်လ်ဂျီယံအသင်းက အခြားအသင်းတွေထက် ကမ္ဘာ့အဆင့် ရပ်တည်မှုမှာရော၊ တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းမှာရော သာလွန်မှုရှိတဲ့အတွက် နောက်တစ်ဆင့်ကို တက်လှမ်းသွားဖွယ်ရှိတယ်။

စလိုဗက်ကီးယားအသင်းက ၁၉၇၆ ခုနှစ်မှာ ဖလားတစ်ကြိမ်ဆွတ်ခူးထားနိုင်ပေမယ့် လက်ရှိစွမ်းဆောင်ရည်ပိုင်းနဲ့ စုဖွဲ့ပိုင်းက ရိုမေးနီးယား၊ ယူကရိန်းတို့နဲ့ ကွာဟမှု သိပ်ကြီးကြီးမားမားမရှိတာကြောင့် နောက်တစ်ဆင့် တက်လှမ်းနိုင်ရေး အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားရမှာပါ။

**အုပ်စု (စ)** မှာ **ပေါ်တူဂီ၊ ချက်၊ ဂျော်ဂျီယာ**နဲ့ **တူကီယဲ**တို့ကျရောက်နေပါတယ်။ အသက်အရွယ်အရသော်လည်းကောင်း၊ အဆုံးသတ်ပိုင်းအရသော်လည်းကောင်း စီရော်နယ်ဒိုရဲ့ စွမ်းဆောင်ရည် တည်ငြိမ်မှုမရှိတာကြောင့် ထည့်မတွက်ဘူးဆိုရင်တောင် ဖာနန်ဒက်စ်၊ ဆေးဗားလ်၊ ဂျိုတာ၊ ဖီးလစ်၊ နီတို၊ လီယိုတို့လို ပွဲရလဒ်အဖြေကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိတဲ့ ပေါ်တူဂီအသင်း နောက်တစ်ဆင့် တက်လှမ်းဖွယ်ရှိတယ်။

အိမ်ရှင်ဂျာမနီအသင်းက ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားမှာ အောင်မြင်မှု ရရှိပြီးတဲ့နောက် နိုင်ငံတကာအဆင့်အောင်မြင်မှုနဲ့ အလှမ်းကွာဝေးနေခဲ့တာ ဆယ်စုနှစ်ခန့်ရှိလာပြီ ဖြစ်သလို ယူရိုပြိုင်ပွဲမှာလည်း ၁၉၉၆ ခုနှစ်က နောက်ဆုံးအကြိမ် ဖလားဆွတ်ခူးပြီးနောက် အောင်မြင်မှုနဲ့ ဝေးကွာနေတာ ဆယ်စုနှစ် သုံးစုနီးပါးရှိလာပြီ ဖြစ်ပါတယ်။ ဒါကြောင့် ယခု ယူရို ၂၀၂၄ မှာရော ဂျာမနီအသင်း ဖလားဆွတ်ခူးသွားနိုင်မလား စိတ်ဝင်စားဖွယ်ရာ စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။ ။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှ မူးယစ်ဆေးဖြတ်ပြီးသူ ၆၅ ဦးကျော်အား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့



**ရန်ကုန် ဇွန် ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနလက်အောက်ရှိ ပြန်လည်ထူထောင်ရေး ဦးစီးဌာန၏ ပြန်လည်ထူထောင်ရေး စခန်းအသီးသီး၌ မူးယစ်ဆေးဖြတ်ပြီးနောက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း (မြန်မာ)ဗဟိုရုံးတွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ စောင့်ရှောက်မှုခံယူပြီးသည့် မူးယစ်ဆေးဖြတ် သင်တန်းသား ၆၅ ဦးကျော် ရှိပြီးဖြစ်ကြောင်း ယမန်နေ့ နံနက်ပိုင်းက မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း (မြန်မာ)ဗဟိုရုံး စုပေါင်းခန်းမ၌ ပဉ္စမအကြိမ်ကျင်းပသည့် မူးယစ်ဆေးဖြတ် သင်တန်းသားများကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပွဲမှ သိရသည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က အမှာစကားပြောကြားပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုမှ အတွင်းရေးမှူး ဒေါ်ခင်ခင်ဝင်းက မူးယစ်ဆေးစွဲလူနာများကို ဆေးကုသမှု မဖြစ်မနေခံယူရန် လိုအပ်သည့်အကြောင်း၊ ကျောင်းသားလူငယ်ထု ဆက်သွယ်ရေးသံတမန် ဟာသသရုပ်ဆောင် လူရွှင်တော် ဦးချစ်ချောက မူးယစ်ဆေးဖြတ်ပြီး သူများကို ဆေးဖြတ်ပြီးပါက စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ ကျန်းမာရေး စောင့်ရှောက်မှုခံယူရန် များစွာလိုအပ်သည့်အကြောင်း၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က မူးယစ်ဆေးဝါး အမျိုးမျိုးတို့၏ ကြောက်မက်ဖွယ်ရာ ဆိုးကျိုးအန္တရာယ်များအကြောင်းတို့နှင့်ပတ်သက်၍ အသိပညာပေး ပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြပြီး မူးယစ်ဆေးဖြတ် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အသင်းဥက္ကဋ္ဌက သင်တန်းဆင်း သင်တန်းသားများ၏ စိတ်ပိုင်း၊ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲတိုးတက်လာမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မေတ္တာစံအိမ်ရှိ မူးယစ်ဆေးဖြတ်သင်တန်းသားများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြ ကြောင်းနှင့် ၂၀၂၄ ခုနှစ်အတွင်း စုစုပေါင်း မူးယစ်ဆေးဖြတ် သင်တန်းသား ၆၅ ဦးကို စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇွန် ၉** - နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## မုန်တိုင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ



၁။ မိမိအိမ်ပတ်ဝန်းကျင်တွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ။

၂။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

၃။ မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)

၄။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



## မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။





၂။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

၃။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ကျေးရွာ၊မြို့၊ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီးမိသားစုဝင်တိုင်း ယူဆောင်ထားပါ။

၄။ မုန်တိုင်းဒီရေကို အထူးဂရုပြုပါ။

၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။



# စာဖတ်ခြင်းနှင့် ကျန်းမာရေး

**စာဖတ်ခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများစွာ ရရှိစေနိုင်ပါသည်။ စာဖတ်ခြင်းဖြင့် ဦးနှောက်ကို အားကောင်းစေခြင်း၊ တခြားသူအပေါ် စာနာနားလည်နိုင်စွမ်း မြင့်မားလာခြင်း၊ စိတ်ဖိစီးမှုကို လျှော့ချခြင်းနှင့် ဝေါဟာရအသုံးအနှုန်း ကြွယ်ဝလာခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်။**

ဒေါက်တာဇေယျာဝင်း

၁၁ ရာစုတွင် Murasaki Shikibu ဟု လူသိများသော ဂျပန်အမျိုးသမီးတစ်ဦးသည် ကမ္ဘာ့ ပထမဆုံး ဝတ္ထုဟု ယူဆနိုင်သည့် အခန်း ၅၄ ခန်းပါသော "Genji ပုံပြင်–The Tale of Genji" အမည်ရှိ အချစ်ဝတ္ထုကိုရေးသားခဲ့သည်။ နှစ်ပေါင်း ၁၀၀၀ ကျော်ကြာပြီးနောက် ယနေ့ခေတ်တွင် ဝတ္ထုဇာတ်လမ်းများကို လက်ကိုင်ဖုန်း၊ တက်ဘလက်များပေါ်တွင် အလွယ်တကူဖတ်ရှုနိုင်ပြီး အလွယ်တကူ ပျောက်ကွယ်သွားလေ့ရှိသည့်တိုင် ကမ္ဘာပေါ်ရှိ လူများသည် ဝတ္ထုများကို စွဲစွဲလမ်းလမ်း ဖတ်ရှုနေကြဆဲဖြစ်သည်။



### အဓိကအချက်များ

လူသားသည် စာအုပ်ဖတ်ခြင်းမှ မည်သည့် အကျိုးကျေးဇူးကို တိတိပပရရှိစေနိုင်သနည်း။ ပျော်ရွှင်ဖွယ်၊ စိတ်ကျေနပ်ဖွယ် တစ်ခုတည်းလော။ သို့တည်းမဟုတ် ထိုထက်မကသော အကျိုးကျေးဇူးတရားများ ရရှိနိုင်ပါသေးသလော။ ထိုမေးခွန်းကို သိပ္ပံနည်းကျ ဖြေဆိုရလျှင် **"ဟုတ်ကဲ့၊ ရရှိနိုင်ပါသည်"**ဟုပင် ဖြစ်ပေလိမ့်မည်။ စာအုပ်ဖတ်ခြင်းသည် သင်၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို အထောက်အကူပြုပြီး ထိုအကျိုးကျေးဇူးများသည်လည်း တစ်သက်တာ တည်တံ့နိုင်ပါသည်။ ငယ်ရွယ်စဉ် ကလေးဘဝမှစတင်ကာ သက်ကြီးပိုင်းရောက်လာသည်အထိ စာဖတ်ခြင်းမှ ရရှိသည့် အကျိုးကျေးဇူးများမှာ စိတ်နှင့်ခန္ဓာကို ဆက်လက်အထောက်အကူပြုနေကြဆဲ ဖြစ်သည်။

### ဦးနှောက်ကို အားကောင်းစေခြင်း

စဉ်ဆက်မပြတ် တိုးတက်လာသော သုတေသနအမျိုးမျိုး၏ တွေ့ရှိချက်များအရ စာဖတ်ခြင်းသည် လူတို့၏စိတ်ကို အမှန်တကယ်ပြောင်းလဲစေကြောင်း ညွှန်ပြနေပါသည်။ သုတေသီများက MRI စကင်န်ဖတ်ခြင်းကို အသုံးပြု၍ ဦးနှောက်အတွင်းရှိ ရှုပ်ထွေးသော ဆားကစ်များနှင့် အချက်ပြမှုများရှိနေကြောင်းကို တွေ့ရှိခဲ့ရသည်။ စာဖတ်အား ရင့်သန်လာသည်နှင့်အမျှ အဆိုပါ ဆားကစ်ကွန်ရက်များသည် တဖြည်းဖြည်း ပိုမိုအားကောင်းလာပြီး ပိုမိုစနစ်တကျ အလုပ်လုပ်ဆောင်လာနိုင်သည်ကို တွေ့ရှိရကြောင်းလည်း ဆိုပါသည်။

၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သော လေ့လာမှုတစ်ခုတွင် သုတေသီများသည် ဦးနှောက်အတွင်း ဝတ္ထုဖတ်ခြင်း၏ အကျိုးသက်ရောက်မှုကို တိုင်းတာရန်အတွက် MRI စကင်န်များကို အသုံးပြုခဲ့ကြသည်။ အဆိုပါသုတေသနအတွင်း ပါဝင်သူများအား အီတလီနိုင်ငံရှိ Mount Vesuvius မီးတောင်ပေါက်ကွဲမှုဖြစ်ရပ်မှန်ကိုအခြေခံ၍ စိတ်ကူးယဉ်ရေးသားထားသော စိတ်လှုပ်ရှားဖွယ်စွန့်စားခန်းများ ပါဝင်သည့် **"Pompei"** ဝတ္ထုကို ကိုးရက်တာ ဖတ်ရှုစေခဲ့သည်။ ဝတ္ထုဇာတ်ရှိန်တက်လာသည်နှင့်အမျှ စာဖတ်သူများ၏ ဦးနှောက်အစိတ်အပိုင်းများ လှုပ်ရှားမှုပိုမိုမြန်ဆန်လာပြီး ပိုမိုညဏ်အလင်း ပွင့်လာသည်ကို တွေ့ရှိခဲ့ရသည်။

ဦးနှောက်စကင်န်ဖတ်ခြင်း ပြုလုပ်နေစဉ်ကာလ တစ်လျှောက်လုံးနှင့် နောက်ပိုင်းရက်များတွင် ၎င်းတို့၏ ဦးနှောက်ချိတ်ဆက်မှုတိုးတက်လာသည်ကို တွေ့ရှိရပြီး အထူးသဖြင့် လှုပ်ရှားမှုနှင့် နာကျင်ခြင်းကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ အာရုံခံစားမှုများကို တုံ့ပြန်သည့် ဦးနှောက်အစိတ်အပိုင်းဖြစ်သော Somatosensory Cortex ၏ တိုးတက်မှုကို မြင်တွေ့ခဲ့ရသည်။

### စာနာနားလည်နိုင်စွမ်း တိုးတက်လာနိုင်ခြင်း

ရသစာပေကိုဖတ်ရှုသူများသည် စာနာနားလည်နိုင်စွမ်း ပိုမိုအားကောင်းသူများဖြစ်ကြောင်းကို တွေ့ရှိရသည်။ ဇာတ်ကောင်များ၏ အတွင်းကျကျ ဘဝနေထိုင်မှုများကို စူးစမ်းလေ့လာသည့်ဇာတ်လမ်းများကို ဖတ်ရှုခြင်းအားဖြင့် အခြားသူများ၏ ခံစားချက်နှင့် ယုံကြည်ချက်များကို နားလည်နိုင်စွမ်း မြင့်မားစေကြောင်း သုတေသနပြုချက်များအရ တွေ့ရှိရသည်။

သုတေသီများသည် ဤစွမ်းရည်ကို စိတ်သီအိုရီ (Theory of Mind) ဟု ခေါ်ဆိုကြပြီး လူမှုဆက်ဆံရေး တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်မှုအစုတစ်ခုဖြစ်သည်။ ရသစာပေကို ဖတ်ရှုခြင်းတစ်ခုတည်းအားဖြင့် ဤခံစားချက်ကို ဖြစ်ပေါ်စေနိုင်သည်ဟု မဆိုနိုင်သော်လည်း ကာလရှည်ရသစာပေဖတ်သူများသည် ပိုမိုကောင်းမွန်သော စိတ်သီအိုရီစွမ်းရည်ကို ရရှိလေ့ရှိကြောင်း သုတေသနအရင်းအမြစ်များက ဆိုသည်။

### သက်ကြီးရွယ်အိုများ၏ မှတ်ဉာဏ်ကျဆင်းမှုကို တားဆီးပေးနိုင်ခြင်း

**စာအုပ်ဖတ်ခြင်းသည် အယ်လ်ဇိုင်းမားကဲ့သို့ သောရောဂါများကို ကာကွယ်နိုင်သည်ဟု သုတေသနများအနေဖြင့် အခိုင်အမာ သက်သေမပြသေးသော်လည်း နေ့စဉ် သင်္ချာပုစ္ဆာများကို ဖတ်ရှုပြီး ဖြေရှင်းသော သက်ကြီးရွယ်အိုများသည် ၎င်းတို့၏ သိမြင်မှုဆိုင်ရာ လုပ်ဆောင်ချက်များကို ထိန်းသိမ်းရာတွင် ပိုမိုကောင်းမွန်လာကြောင်း လေ့လာသူများက ယုံကြည်ကြသည်။**

ထို့ကြောင့် စာဖတ်ခြင်းအလေ့အထကို စောစောစတင်လေ ကောင်းလေဖြစ်သည်။ Rush University Medical Center မှ ပြုလုပ်သော ၂၀၁၃ ခုနှစ် လေ့လာမှုတစ်ခုတွင် စိတ်ပိုင်းဆိုင်ရာ လှုံ့ဆော်ပေးသည့် အလေ့အထများကို တစ်သက်တာလုံး လုပ်ဆောင်ခဲ့သူများသည် စိတ်ကျရောဂါရှိသူများ၏ **ဦးနှောက်တွင်တွေ့ရှိရသည့် အမှုန်ခဲလေးများ၊ ယိုယွင်းမှုများနှင့် ပရိတင်းအစအနလေးများ ဖြစ်ပေါ်မှုလျော့နည်းစေနိုင်ကြောင်း သိရှိရသည်။**

### စိတ်ဖိစီးမှုကို လျော့ကျစေနိုင်ခြင်း

၂၀၀၉ ခုနှစ်တွင် သုတေသီအဖွဲ့တစ်ခုသည် အမေရိကန်ပြည်ထောင်စုရှိ ကျန်းမာရေးသိပ္ပံများမှ ကျောင်းသားများ၏ စိတ်ဖိစီးမှုအဆင့်အပေါ် ယောဂ၊ ဟာသနှင့်စာဖတ်ခြင်း၏ အကျိုးသက်ရောက်မှုကို တိုင်းတာခဲ့သည်။ မိနစ် ၃၀ စာဖတ်ခြင်းသည် ယောဂနှင့် ဟာသများကဲ့သို့ပင် သွေးပေါင်ချိန်၊ နှလုံးခုန်နှုန်းနှင့် စိတ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှု ခံစားချက်များကို လျော့ကျစေကြောင်း လေ့လာမှုက တွေ့ရှိခဲ့သည်။

### ညဘက်ကောင်းစွာအိပ်စက် အနားယူနိုင်စေခြင်း

Mayo Clinic မှ ဆရာဝန်များသည် စာဖတ်ခြင်းကို ညအိပ်ရာဝင်ခါနီး ပုံမှန်ပြုလုပ်ခြင်း အလေ့အထတစ်ခုအဖြစ် ဆောင်ရွက်ရန် အကြံပြုထားသည်။ ထိုသို့စာဖတ်ရာတွင်လည်း ဖုန်း၊ Ipad၊ Tablet များကဲ့သို့ အီလက်ထရောနစ်ကိရိယာများပေါ်တွင် ဖတ်ရှုခြင်းထက် စာအုပ်ဖြင့်ဖတ်ရှုခြင်းက ပိုမိုကောင်းမွန်သောရလဒ်များ ရရှိစေနိုင်သည်ဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းကိရိယာများမှ ထုတ်လွှတ်သော အလင်းရောင်သည် စာဖတ်သူ၏ စိတ်နိုးကြားစေပြီး အခြားမလိုလားအပ်သော ကျန်းမာရေးရလဒ်များဆီသို့ ဦးတည်သွားနိုင်သောကြောင့် ဖုန်း စသည့်ကိရိယာများဖြင့် စာဖတ်မည့်အစား ပုံနှိပ်စာအုပ်ကို ရွေးချယ်ရန် လိုအပ်ပေလိမ့်မည်။ အိပ်မပျော်လျှင် အိပ်ရာပေါ်၌ စာဖတ်ခြင်းထက် အိပ်ခန်းအပြင် အခြားတစ်နေရာရာတွင် စာဖတ်ကြည့်ရန် ဆေးပညာကျွမ်းကျင်သူများက အကြံပြုထားပါသည်။

### စိတ်ကျရောဂါလက္ခဏာများဖြစ်ပွားခြင်းကို ကာကွယ်ပေးနိုင်ခြင်း

ဗြိတိသျှတွေးခေါ်ပညာရှင် Sir Roger Scruton က **"စိတ်ကူးယဉ်ရေးသားထားသော အရာများမှ ရရှိလာသည့် စိတ်ကျေနပ်နှစ်သိမ့်မှုဖြစ်ပေါ်ခြင်းသည် လက်တွေ့ရလဒ်ဖြစ်သည်။ စိတ်ဓာတ်ကျနေသူများသည် အထီးကျန်ပြီး တခြားသူများနှင့် သီးခြားကွဲကွာနေတတ်သည်။ ဤအခြေအနေကို စာအုပ်များက လျော့ပါးသက်သာစေနိုင်သည်"** ဟု ဆိုပါသည်။ ရသစာပေဖတ်ရှုခြင်းသည် သင့်ကိုယ်ပိုင်ကမ္ဘာမှ ခေတ္တလွတ်မြောက်စေနိုင်ပြီး ဇာတ်ကောင်များ၏ စိတ်ကူးယဉ်အတွေ့အကြုံများက သင့်စိတ်ကို လွှမ်းမိုးနိုင်မည်ဖြစ်သည်။ ထို့အပြင် သုတစာပေများသည် စိတ်ကျရောဂါလက္ခဏာများကို ဖြေရှင်းရာတွင် အထောက်အကူပြုနိုင်သည့် နည်းဗျူဟာများကို သင်ကြားပေးနိုင်ပါသည်။

ထို့ကြောင့် United Kingdom ရှိ National Health Service သည် လူနာများ၏ စိတ်ကျန်းမာရေးအခြေအနေအလိုက် ဆေးအညွှန်းတွင် ဖတ်ရှုသင့်သည့် စာအုပ်များကို လမ်းညွှန်ပေးသည့် Reading Well ဆိုသည့် Books on Prescription program ကို စတင်ကျင့်သုံးခဲ့သည်။

### အသက်ရှည်စေရန် အထောက်အပံ့

၁၂ နှစ်တာကာလအတွင်း အသက်အရွယ်ကြီးသူ ၃၆၃၅ ဦး၏ အငြိမ်းစားယူပြီး နောက်ပိုင်းအလေ့အထများကို သုတေသနပြု လေ့လာရာစာအုပ်နှင့် မဂ္ဂဇင်းကဲ့သို့သော စာပေများကို ဖတ်ရှုသူများသည် မဖတ်ရှုသူများထက် ပျမ်းမျှအားဖြင့် နှစ်နှစ်ခန့် အသက်ပိုရှည်သည်ကို တွေ့ရှိရသည်ဟု ဆိုသည်။ တစ်ပတ်လျှင် သုံးနာရီခွဲကျော် စာဖတ်သူများသည် စာမဖတ်သူများထက် အသက်ပိုရှည်နိုင်ခြေ ၂၃ ရာခိုင်နှုန်း ပိုများကြောင်း အဆိုပါလေ့လာမှုက ကောက်ချက်ချခဲ့သည်။

### စာဖတ်ခြင်းမှရရှိနိုင်မည့် အဓိကအကျိုးကျေးဇူးများ

စာဖတ်ခြင်းသည် လူတို့အတွက် အလွန်ကောင်းမွန်ပါသည်။ ပုံမှန်စာဖတ်ခြင်းသည် ဦးနှောက်ချိတ်ဆက်မှုကို တိုးတက်စေခြင်း၊ ဝေါဟာရကြွယ်ဝမှုနှင့် နားလည်နိုင်စွမ်းကို တိုးမြင့်စေခြင်း၊ တစ်ပါးသူများအပေါ် စာနာတတ်သော စိတ်ခွန်အားကို ဖြစ်ပေါ်စေခြင်း၊ အိပ်ရေးဝဝအိပ်စက်နိုင်ရန် အထောက်အပံ့ပေးခြင်း၊ စိတ်ဖိစီးမှုကို လျော့ကျစေခြင်း၊ စိတ်ကျရောဂါလက္ခဏာများကို တိုက်ဖျက်ပေးခြင်း၊ အသက်ကြီးလာသည်နှင့်အမျှ မှတ်ဉာဏ်ကျဆင်းမှုကို တားဆီးပေးခြင်း၊ အသက်ရှည်စေခြင်း စသည့်လက်တွေ့ကျသော အကျိုးကျေးဇူးများစွာ ရှိပါသည်။

စာဖတ်ခြင်းသည် ဘဝတစ်သက်တာအတွက် လွန်စွာအကျိုးကျေးဇူးရှိစေသောကြောင့် ကလေးငယ်များအား ငယ်စဉ်မှစ၍ စာဖတ်သည့် အလေ့အထကို ပျိုးထောင်ပေးရန် အရေးကြီးပါသည်။ သို့သော်လည်း ကောင်းမွန်သောအလေ့အကျင့်တစ်ခုကို စတင်ရာတွင် နောက်ကျသည်ဟူ၍ မရှိပါ။ အမှန်ပင်၊ စာအုပ်များနှင့် စာမျက်နှာများသည် လူတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများကို ပေးအပ်ရန် အသင့်ရှိနေကြောင်း ရေးသားလိုက်ရပါသည်။ ။

"စာဖတ်ခြင်းသည် လူတို့အတွက် အလွန်ကောင်းမွန်ပါသည်။ ပုံမှန်စာဖတ်ခြင်းသည် ဦးနှောက်ချိတ်ဆက်မှုကို တိုးတက်စေခြင်း၊ ဝေါဟာရကြွယ်ဝမှုနှင့် နားလည်နိုင်စွမ်းကို တိုးမြင့်စေခြင်း၊ တစ်ပါးသူများအပေါ် စာနာတတ်သော စိတ်ခွန်အားကို ဖြစ်ပေါ်စေခြင်း၊ အိပ်ရေးဝဝအိပ်စက်နိုင်ရန် အထောက်အပံ့ပေးခြင်း၊ စိတ်ဖိစီးမှုကို လျော့ကျစေခြင်း၊ စိတ်ကျရောဂါလက္ခဏာများကို တိုက်ဖျက်ပေးခြင်း၊ အသက်ကြီးလာသည်နှင့်အမျှ မှတ်ဉာဏ်ကျဆင်းမှုကို တားဆီးပေးခြင်း၊ အသက်ရှည်စေခြင်း စသည့်လက်တွေ့ကျသော အကျိုးကျေးဇူးများစွာရှိ"

Reference:
Benefits of Reading Books: How It Can Positively Affect Your Life, www.healthline.com

# ဝါ တစ်ခေတ်ဆန်းသစ်စေခြင်းဖြင့် နိုင်ငံ့စီးပွားတိုးတက်စေမည်

ကောတာ

ဝါသီးနှံသည် အဝတ်အထည်ထုတ်လုပ်မှုအတွက် သာမက ပြည်တွင်းဆီဖူလုံရေးအတွက် စားသုံးဆီနှင့် စက်မှုလုပ်ငန်းသုံးဆီကို ဝါအစေ့မှ ထုတ်ယူနိုင်ပြီး ဝါစေ့ကြိတ်ဖတ်များကို အသားထုတ်လုပ်မှုတိုးတက်ရေးအတွက် တိရစ္ဆာန်အစာအဖြစ်ပါ အသုံးပြုနိုင်၍ စီးပွားရေးအရ အရေးပါသော သီးနှံတစ်ခု ဖြစ်သည်။

မြန်မာနိုင်ငံ၌ ဝါစိုက်ပျိုးဧက ငါးသိန်းခန့်ရှိပြီး ၂၀၂၂-၂၀၂၃ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ကာလကို ဝါသီးနှံစိုက်ပျိုးရေး စီမံကိန်းကာလအဖြစ် သတ်မှတ်ကာ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီးတို့နှင့် ရှမ်းပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေတို့တွင် ဝါစိုက်ပျိုးရေးဇုန်များ သတ်မှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ဝါမှ အဝတ်အထည်အသုံးအဆောင်များထုတ်လုပ်ရန် လိုအပ်ချက်မှာ လူဦးရေ ၅၄ သန်းအတွက် ဝါပိဿာသန်းပေါင်း ၃၅၀ ကျော် လိုအပ်မည်ဖြစ်ရာ နိုင်ငံအတွင်း ဝတ်ရေးဖူလုံစေရေးအတွက် ဝါသီးနှံ စိုက်ဧက ခုနစ်သိန်း တိုးတက်စိုက်ပျိုးရမည်ဖြစ်သည်။

သို့မို့ကြောင့် ယခုနှစ် ဝါစိုက်ရာသီတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ခြောက်ခု၌ ဝါစိုက်ပျိုးရေးဇုန် ၁၉ ခု ဖော်ဆောင်ပြီး ဝါ ၆၁၂၇၁၂ ဧက စိုက်ပျိုးထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

## ဝါစိုက်ပျိုးမှုကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေးဦးစီးဌာနသည် ဝါစိုက်ပျိုးမှုကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နိုင်ငံအတွင်းမှ ဝါသီးနှံဧက ခုနစ်သိန်းခွဲဝန်းကျင် စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် တစ်ဧကအထွက်နှုန်း ပိဿာ ၇၀၀ ရရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

"နိုင်ငံတော်ကအားပေးတဲ့ စက်မှုကုန်ကြမ်းသီးနှံဖြစ်တဲ့အတွက် အခွင့်အလမ်း အများကြီးရှိမယ်လို့ ထင်ပါတယ်။ လက်ရှိမှာ စက်မှုဝန်ကြီးဌာနအောက်က ဝါကြိတ်စက်ရုံတွေမှာ အသုံးပြုနိုင်ဖို့ ကုန်ကြမ်းပြည်တွင်းချည်မျှင်ရှည်ဝါတွေကို ဝယ်ယူမယ့် အစီအစဉ်ရှိတယ်လို့ သိရပါတယ်။ ပြီးတော့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဝါစိုက်နိုင်ဖို့နဲ့ အထွက်တိုးနိုင်ဖို့ လိုအပ်တာတွေ ကူညီပေးနေပါတယ်။ ပြည်ပဈေးကွက်အခွင့်အလမ်းပါ ပိုပွင့်သွားရင် အတိုင်းထက်အလွန်ပေါ့"ဟု ကျောက်ဆည်မြို့နယ်မှ ဝါစိုက်တောင်သူတစ်ဦးက ပြောသည်။

ပြည်တွင်းမှ ထွက်ရှိသော ဝါများကို ဝါကြိတ်စက်ရုံများတွင် ကြိတ်ခွဲခြင်း၊ ချည်မျှင်စက်ရုံများ၌ အဆင့်မီချည်ထုတ်လုပ်ခြင်း၊ အထည်အလိပ်စက်ရုံများ၌ ပိတ်များထုတ်လုပ်ခြင်း၊ အထည်ချုပ်စက်ရုံများ၌ အဝတ်အထည်များ ထုတ်လုပ်ခြင်းတို့ဖြင့် ဝါလုပ်ငန်းကဏ္ဍ တိုးတက်ရေး ဆောင်ရွက်ကြရမည်



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် ချည်မျှင်ရှည်ဝါစိုက်ခင်းကို သွားရောက်ကြည့်ရှုစဉ်။ (၂၀၂၃ ခုနှစ် ဩဂုတ် ၂၉ ရက်)

- ❖ **ပြည်တွင်းမှ ထွက်ရှိသော ဝါများကို ဝါကြိတ်စက်ရုံများတွင် ကြိတ်ခွဲခြင်း၊ ချည်မျှင်စက်ရုံများ၌ အဆင့်မီချည်ထုတ်လုပ်ခြင်း၊ အထည်အလိပ်စက်ရုံများ၌ ပိတ်များထုတ်လုပ်ခြင်း၊ အထည်ချုပ်စက်ရုံများ၌ အဝတ်အထည်များ ထုတ်လုပ်ခြင်းတို့ဖြင့် ဝါလုပ်ငန်းကဏ္ဍ တိုးတက်ရေးဆောင်ရွက်ကြရမည်**
- ❖ **စက်မှုကုန်ကြမ်းသီးနှံ ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် ချည်ထည်အဆင့်မီ ထုတ်လုပ်နိုင်မှုလုပ်ငန်း ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးမှုရရှိလာပါက ဒေသတွင်း ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာလည်း ပေါ်ပေါက်လာမည်**

ဖြစ်သည်။

ပြီးခဲ့သည့် မတ်လ ၇ ရက်နေ့က နေပြည်တော်၌ ကျင်းပခဲ့သည့် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဝါကြိတ်စက်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် ဝါဂွမ်းများကို ပြည်တွင်းဈေးကွက်တွင် ရောင်းချနိုင်ရေးနှင့် ချည်ကုန်ချောများ၊ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း" လမ်းညွှန်ပြောကြားထားသည်။

ထို့ပြင် ဝါစိုက်တောင်သူများအတွက် ချည်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့်များ နှစ်စဉ် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ၊ နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဝါမျိုးများ စုဆောင်းထိန်းသိမ်းခြင်းနှင့် ဝါမျိုးများ မွေးမြူရွေးချယ်ခြင်းလုပ်ငန်းများ၊ ဝါမျိုးကောင်းမျိုးသန့်များကို မျိုးသန့်အဆင့်အလိုက် မျိုးသန့်ပွားများခြင်းလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၏ ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံများတွင် စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

"နိုင်ငံတော် ရည်မှန်းချက်နဲ့ ဝါစိုက်တောင်သူအကျိုးစီးပွားတစ်ထပ်တည်းကျဖို့ တောင်သူတွေအတွက် ဝါဈေးကွက်တည်ငြိမ်ရေးက အဓိကပါပဲ။ ဂွမ်းဈေးကွက်တည်ငြိမ်ဖို့ လိုအပ်တဲ့အချိန်အခါမျိုးမှာ နိုင်ငံတော်အနေနဲ့ အရန်ဝါဂွမ်းတွေ ဝယ်ယူပေးစေချင်ပါတယ်။ ဝါစေ့ဆီကြိတ်လုပ်ငန်းတွေကိုလည်း ဥပေက္ခာပြုထားလို့မရပါဘူး။ တောင်သူ့စီးပွားကနေ နိုင်ငံ့စီးပွားတိုးတက်မှုရဖို့ ရည်မှန်းထားတာဖြစ်တဲ့အတွက် အားလုံးပါဝင်ရမယ်။ ပြီးတော့ ဝါစိုက်ပျိုးထုတ်လုပ်မှုကနေ ပြည်ပပို့ကုန် ကုန်ချောတင်ပို့နိုင်ဖို့ ကြိုးစားသွားရမှာပါ" ဟု ဝါလုပ်ငန်းရှင်များအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဦးက ပြောသည်။

## ဝါစိုက်တောင်သူများအား နိုင်ငံတော်က ပံ့ပိုးကူညီပေးရန်လို

ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ဆောင်ရွက်ရာတွင် ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်များ ဖွံ့ဖြိုးမှု၊ အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးမှုတို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ရာ အဆိုပါလုပ်ငန်းများ ဒေသအလိုက် ထူထောင်နိုင်ရေးနှင့် ရေရှည်ရှင်သန်နိုင်ရေး၊ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးကူညီပေးရန် ဝါစိုက်တောင်သူများနှင့် ဝါကြိတ်စက်လုပ်ငန်းရှင်များက လိုလားလျက်ရှိသည်။

နိုင်ငံအတွင်း နိုင်ငံပိုင်ဝါကြိတ်စက်ရုံ ၁၃ ရုံ တည်ရှိပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကပိုင်ဝါကြိတ်စက်ရုံ ၁၉၀ ရှိသည်။ ပုဂ္ဂလိကပိုင် ဝါကြိတ်စက်ရုံများသည် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၃၄ ရုံ၊ ပဲခူးတိုင်းဒေသကြီးတွင် လေးရုံ၊ မကွေးတိုင်းဒေသကြီးတွင် ၅၄ ရုံ၊ မန္တလေးတိုင်းဒေသကြီးတွင် ၉၆ ရုံ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် နှစ်ရုံ တည်ရှိသည်။

## ဝါများကို ရောင်းအားကောင်း ထုတ်ကုန်အဖြစ် အသုံးပြုလာ

ယခင်က ဝါကြိတ်စက်ကို ဝါစေ့နှင့်အမျှင်များကို ခွဲထုတ်ရန် အသုံးပြုခဲ့ကြသော်လည်း ယခုအခါ ခူးဆွတ်ထားသောဝါများကို ရောင်းအားကောင်းသည့် ထုတ်ကုန်အဖြစ် ပြောင်းလဲရန် အသုံးပြုလာကြသည်။

ဝါကြိတ်စက်သည် ငွေသားတန်ဖိုးရသည့် အမျှင်နှင့် ဝါစေ့ထုတ်ကုန်နှစ်ခုကို ထုတ်လုပ်သည်။ ဝါကြိတ်စက်များ၏ ဒီဇိုင်းနှင့် လည်ပတ်ထုတ်လုပ်မှုသည် အမျှင်ထုတ်လုပ်မှုကောင်းမွန်ရေးကို ဦးစားပေးသည်။ ဝါစေ့များကိုမူ ဝါစေ့ဆီစက်များသို့ ရောင်းချခြင်း သို့မဟုတ် စိုက်ပျိုးရန်အတွက် သိမ်းဆည်းခြင်းတို့ ဆောင်ရွက်လာကြသည်။

သို့သော် ဝါစိုက်ပျိုးမှုများသည့် ဒေသများတွင် ဝါသီးနှံမှထွက်ရှိသည့် ဝါဂွမ်းကို တစ်နိုင်တစ်ပိုင် ရိုးရာလက်ရက်ကန်းဖြင့် ဖျင်လုံချည်၊ ဖျင်စောင်၊ ဖျင်တဘက်၊ ဖျင်လက်သုတ်ပဝါများအဖြစ် ဒေသတွင်း ဝတ်ဆင်သုံးစွဲရန်အတွက် အနည်းငယ်လုပ်ကိုင်ဆောင်ရွက်သည့် အခြေအနေတွင်သာ ရှိနေသည်။ ထို့အတူ ဝါသီးနှံတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဝါဂွမ်း၊ ဝါစေ့၊ ဝါစေ့ဆီနှင့် ဆီကြိတ်ဖတ်များ ထုတ်လုပ်မှုရှိသော်လည်း ဖွံ့ဖြိုးမှုရရှိရန် လိုအပ်နေသေးသည်။

"ဝါအကြောင်းပြောရင် ဝါကြိတ်လုပ်ငန်းဆိုတာလည်း မေ့ထားလို့မရပါဘူး။ ဝါကနေ ကုန်ချောအဖြစ်ထုတ်လုပ်ဖို့ အခြေခံဖြစ်တဲ့ ဝါကြိတ်လုပ်ငန်းကိုလည်း မြှင့်တင်ရမှာဖြစ်ပါတယ်။ ကုန်ကြမ်းချည်းရောင်းနေတာထက် ကုန်ချောက နိုင်ငံအတွက်၊ ဒေသအတွက် ပိုကိုက်လို့ ရေရှည်လမ်းကြောင်းကို ကြည့်ရမှာပါ။ နိုင်ငံတော်က ဝါစိုက်ပျိုးဖို့ အားပေးတာကလည်း စိုက်တဲ့တောင်သူ အပါအဝင် ဝါလုပ်ငန်းစဉ်က လုပ်ငန်းရှင်တွေ အကျိုးအမြတ်အတွက်ပါပဲ။ ဒါကြောင့် ရေတိုနဲ့ ရေရှည် နှစ်ခုလုံးကိုကြည့်ဖို့ လိုပါတယ်"ဟု ဝါကြိတ် လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

ထို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပန်းတိုင်ဝါစိုက်ဧကရောက်ရှိရေး၊ ပြည်တွင်းချည်သုံးစွဲမှုဖူလုံရေး၊ ပိုလျှံဝါဂွမ်းများမှ ပို့ကုန်ဝင်ငွေရရှိရေး၊ ဝါစေ့ဆီသန့်များဖြင့် ပြည်ပစားအုန်းဆီတင်သွင်းမှုအစားထိုးလျှော့ချရေး စသည့် ကွင်းဆက်လုပ်ငန်းတစ်လျှောက်လုံးအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စက်မှုကုန်ကြမ်းသီးနှံ ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် ချည်ထည်အဆင့်မီ ထုတ်လုပ်နိုင်မှုလုပ်ငန်းကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးမှုရရှိလာပါက ဒေသတွင်းပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာလည်း ပေါ်ပေါက်လာမည်ဖြစ်သည်။

ထို့ကြောင့် ဝါစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ အားလုံးပူးပေါင်းပါဝင်ကာ ဝါတစ်ခေတ် ဆန်းသစ်စေခြင်းဖြင့် ဒေသစီးပွား၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် “၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ” ကို ဇွန် ၁၂ ရက်မှ ၁၄ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲသို့အမျိုးသားအသင်း ၁၁ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အားကစားကို စိတ်ဝင်စားသည့် မည်သူမဆို (အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## (၁၃) ကြိမ်မြောက် အာဆီယံကျောင်းသား အားကစားပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးရရှိခဲ့သော မြန်မာအားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၉**

